**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၁၈၀/၂၀၁၅**
**၁၃၇၇ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၂၇ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)**

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇၁ ၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ဆိုသည်။

(ခ) ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း ဆိုသည်မှာ ဥပဒေအရ ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းဖြစ်သည်ဟု သတ်မှတ်သည့်လုပ်ငန်းကိုဆိုသည်။

(ဂ) အဓိက အစုရှယ်ယာပိုင်ရှင်တစ်ဦး ဆိုသည်မှာ သက်ဆိုင်ရာ ကုမ္ပဏီတစ်ခုတွင် ၂၀ ရာခိုင်နှုန်းထက်ပိုသော မဲပေးပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးကို ဆိုသည်။

(ဃ) တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဆိုသည်မှာကုမ္ပဏီတစ်ခု၏ ဒါရိုက်တာအဖွဲ့ဝင်မဟုတ်သော ယင်းကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုလုပ်ငန်းတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးကို ဆိုသည်။

## အခန်း(၂)
## ကော်မရှင်

၃။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ဘဏ္ဍာရေး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ၊ စီးပွားရေးပညာ ၊ ဥပဒေပညာ သို့မဟုတ် စာရင်းကိုင်ပညာရပ်နယ်ပယ်များတွင် အသိအမှတ် ပြုခံရသည့် အဆင့်အတန်းနှင့် အတွေ့အကြုံရှိသည့် အရည်အချင်းပြည့်ဝသူတစ်ဦး ဖြစ်ရမည်။

၄။ (က) ဥပဒေပုဒ်မ ၄ အရ အောက်ဖော်ပြပါ အရည်အချင်းရှိသူများကို ဥက္ကဋ္ဌ သို့မဟုတ် ကော်မရှင် အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်ရမည်-

(၁) အနည်းဆုံးအသက် ၄၅ နှစ်ရှိသောမြန်မာနိုင်ငံသားဖြစ်သူ၊

(၂) လူမွဲစာရင်းဝင်မဟုတ်သူ၊

(၃) ပေါ့ဆမှုဖြင့်ကျူးလွန်သောပြစ်မှု သို့မဟုတ် ပြစ်မှုငယ်များမှအပ တရားရုံးတစ်ခု ၏နောက်ဆုံးဆုံးဖြတ်ချက်အရ ပြစ်ဒဏ်စီရင်ခံရပြီး ထောင်ဒဏ်တစ်ရပ် ချမှတ် ခံရခြင်း မရှိသူ၊

(၄) နိုင်ငံရေးပါတီတစ်ခုတွင်တာဝန်ထမ်းဆောင်နေခြင်းမရှိသူ သို့မဟုတ် နိုင်ငံရေး ပါတီတစ်ခုတွင် ထမ်းဆောင်ခဲ့၍ ယင်းရာထူးမှ နုတ်ထွက်ခဲ့သည်မှာ တစ်နှစ် ပြည့်မြောက်ပြီးဖြစ်သူ၊

(၅) ကော်မရှင်၏ ကြီးကြပ်မှုအောက်ရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် လက်ရှိ ပါဝင် ဆောင်ရွက်နေပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ဆက် နွယ်ခြင်းမရှိသူ၊

(၆) ကော်မရှင်တွင် ခန့်အပ်ချိန်၌ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း တစ်ရပ်တွင် လက်ရှိ ဒါရိုက်တာ ၊ အရာရှိ ၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေခြင်းမရှိသူ သို့မဟုတ်ကော်မရှင်၏ကြီးကြပ်မှုအောက်ရှိငွေချေးသက်သေခံလက်မှတ်လုပ်ငန်း တစ်ရပ်တွင် ၅ ရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့်ပိုင်ဆိုင်သည့်အစုရှယ်ယာ ပိုင်ရှင် မဟုတ်သူ၊

(၇) စာရင်းဝင်ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊အရာထမ်း သို့မဟုတ် ဝန်ထမ်းမဟုတ်သူ သို့မဟုတ် ၅ ရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့်ပိုင်ဆိုင်သည့် အစုရှယ်ယာ ပိုင်ရှင်မဟုတ်သူ၊

(၈) စိတ်ပေါ့သွပ်ခြင်းမရှိသူ၊

(၉) ဂုဏ်သိက္ခာနှင့် ရိုးဖြောင့်မှုရှိသူ၊

(ခ ) ပြည်ထောင်စုအစိုးရသည်အသွင်ကူးပြောင်းရေးကာလအတွင်းကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို လိုအပ်ပါက ကင်းလွတ် ခွင့်ပြုနိုင်သည်။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးချုပ်အား ကော်မရှင် အတွင်းရေးမှူး နှင့် အဖွဲ့ဝင်အဖြစ် ရာထူးအရ ခန့်အပ်နိုင်သည်။

(ခ ) ကော်မရှင်အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များမှာ-

(၁) ကော်မရှင်အစည်းအဝေးများကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၂) ကော်မရှင်မှညွှန်ကြားသည့် အခြားလိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

၆။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည်မိမိ၏လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ထမ်းဆောင်ရ မည်။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့် အကြောင်းကိစ္စရပ်များမှအပ ယင်း၏သက်တမ်းအတွင်း ဖယ်ရှားခြင်း မပြုရ။

၇။ ရာထူးသက်တမ်းကာလအတွင်း ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(က) ကော်မရှင်၏လုပ်ငန်းတာဝန်များကိုအချိန်ပြည့်စွမ်းအားပြည့်အဓိက ထားမြှုပ်နှံဆောင်ရွက်ရမည်ဖြစ်၍ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့်ကိစ္စရပ်များမှအပ အခကြေးငွေရရှိသောအခြားအလုပ်အကိုင်များတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် အမြတ်အစွန်းရရှိသည့် လုပ်ငန်းတစ်ရပ်ကို လုပ်ဆောင်ခြင်း သို့မဟုတ် ငွေကြေးအကျိုးအမြတ်ရရှိရန် ရည်ရွယ်ချက်ဖြင့် အခြားလုပ်ငန်း များတွင် ပါဝင်ပတ်သက် ခြင်းမပြုရ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုချက်တစ်ရပ်ပေးသည့်ကိစ္စရပ်တွင်ကော်မရှင်အဖွဲ့ဝင်သည်ယင်း၏လုပ်ငန်းအကျိုးစီးပွားနှင့်ဆက်စပ်သော ကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ ကော်မရှင်မှဆောင်ရွက်ရန်ဖြစ်သည့်ကိစ္စရပ်တွင် မဲပေးမှုကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး အဆိုပါအကျိုးစီးပွား ကိုလည်း ကော်မရှင်သို့ ထုတ်ဖော်ပြောဆိုရမည်။

၈။ ကော်မရှင်အဖွဲ့ဝင်များ၏သက်တမ်းသည်၂နှစ် ဖြစ်ရမည်။ပထမ ၂ နှစ် ကုန်ဆုံးသောအခါ အငြိမ်းစားယူမည့် ကော်မရှင်အဖွဲ့ဝင်များကိုမဲစနစ်ဖြင့်ရွေးချယ်ရမည်။အလှည့်ကျ ပထမအကြိမ် အငြိမ်းစားယူမှုပြီးဆုံးသည့်နောက်အငြိမ်းစားယူမည့်အဖွဲ့ဝင်များကိုရာထူးသက်တမ်းအရှည်ဆုံး အဖွဲ့ဝင်များထဲမှ ရွေးချယ်ရမည်။ ရာထူးသက်တမ်းအရှည်ဆုံး အဖွဲ့ဝင်တစ်ဦးတည်းရှိပါက ယင်းအဖွဲ့ဝင်သည် အငြိမ်းစားယူရမည်ဖြစ်ပြီး အငြိမ်းစားယူရမည့် နောက်တစ်ဦးအား ဒုတိယ ရာထူးသက်တမ်းအရှည်ဆုံး ပုဂ္ဂိုလ်များထဲမှ မဲစနစ်ဖြင့် ရွေးချယ်ရမည်။

၉။ ရာထူးသက်တမ်းကုန်ဆုံး၍ အနားယူသော ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို ပြန်လည် ခန့်အပ်နိုင်သည်။ သို့ရာတွင် မည်သည့် ကော်မရှင်အဖွဲ့ဝင်မဆို တစ်ဆက်တည်း သက်တမ်း ၃ ကြိမ်ထက်ပို၍တာဝန်ထမ်းဆောင်ခြင်းမပြုရ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင် တစ်ဦးကိုပြန်လည်ခန့်အပ်ပါကကော်မရှင်၏ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ထည့်သွင်းစဉ်းစားရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်၂ ဦးစီက အလှည့်ကျအငြိမ်းစားယူသည့်အခါ အလှည့်ကျအငြိမ်းစား ယူသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ကော်မရှင်အဖွဲ့ဝင်အသစ်များကို ခန့်အပ်ရမည်။

၁၁။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် တာဝန်ထမ်းဆောင်ခြင်းမှ နှုတ်ထွက်ရန် ရည်ရွယ် ကြောင်းကို စာဖြင့်ရေးသားပြီး နှုတ်ထွက်ရန် ရည်ရွယ်သည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခြင်းဖြင့် မိမိဆန္ဒအလျောက် တာဝန်ထမ်းဆောင် ခြင်းမှ နှုတ်ထွက်နိုင်သည်။

၁၂။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် တာဝန်ထမ်းဆောင်သည့် သက်တမ်း ကုန်ဆုံးခြင်း သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က ဖယ်ရှားခံရခြင်း သို့မဟုတ် သေဆုံးခြင်း သို့မဟုတ် ဆန္ဒ အလျောက် တာဝန်မှ နှုတ်ထွက်ခြင်းတို့ကြောင့် ရာထူး လစ်လပ်သည့်အခါ ပြည်ထောင်စုအစိုးရ အဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်သစ် တစ်ဦးအား ခန့်အပ်ရမည်။

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့က ဖယ်ရှားခံရခြင်း သို့မဟုတ် သေဆုံးခြင်း သို့မဟုတ် ဆန္ဒ အလျောက် တာဝန်မှ နှုတ်ထွက်ခြင်းတို့ကြောင့် ကော်မရှင်အဖွဲ့ဝင်ရာထူးလစ်လပ်သည့် ကိစ္စရပ် များတွင် အသစ်ခန့်အပ်ခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်သည် ယခင်ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအားရာထူးသက်တမ်းအတွင်း နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ကင်းလွတ်ခွင့်ပြုထားသည်မှအပ ယင်း၏တာဝန်ပေါ့ဆမှု သို့မဟုတ် ကိုယ်ကျင့်တရားပျက်ကွက်မှု သို့မဟုတ် ပြစ်မှုကျူးလွန်မှု သို့မဟုတ် နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (က)ပါ အရည်အချင်းများနှင့် မကိုက်ညီမှုတို့ကို တွေ့ရှိပါက ရာထူးမှ ထုတ်ပယ် နိုင်သည်။

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ရွေးချယ်ထားသည့် ပြည်ထောင်စုဝန်ကြီး (၃) ဦး သည် နည်း ဥပဒေ ၁၄ အရ ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား ဖယ်ရှားသည့်ကိစ္စရပ်တွင် သက်ဆိုင်ရာအဖွဲ့ဝင် အတွက် ကြားနာမှုကို ပြုလုပ်ပေးရမည်ဖြစ်ပြီး ထုတ်ပယ်သည့် ဆုံးဖြတ်ချက်မချမှတ်မီ ကော်မရှင်၏ အကြံပြုချက်ကို ရယူရမည်။

၁၆။ ကော်မရှင်သည် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးနှင့် ကော်မရှင် အဖွဲ့ရုံး၏ အရာရှိ သို့မဟုတ် ဝန်ထမ်းများက တာဝန်ထမ်းဆောင်စဉ် သိရှိသော သတင်းအချက်အလက် များကို လျှို့ဝှက်အဆင့် ထိန်းသိမ်းထားရှိစေရေးနှင့်စပ်လျဉ်းသည့်စနစ်များကို သတ်မှတ်ရမည်။

၁၇။ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၁၈။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏အစည်းအဝေးများကို ကျင်းပပေးရမည်။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးဦးက လိုအပ်သည်ဟု ယူဆပါက အစည်းအဝေး ကျင်းပပေးရန် ဥက္ကဋ္ဌကို

တောင်းဆိုနိုင်သည်။ ဥက္ကဋ္ဌ မရှိခိုက်တွင် သို့မဟုတ် ဥက္ကဋ္ဌက ယင်း၏တာဝန်ဝတ္တရားများကို မထမ်းဆောင်နိုင်သည့် အခြေအနေတွင် ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ခန့်အပ်သော ကော်မရှင်အဖွဲ့ဝင်မှ ကော်မရှင်အစည်းအဝေးများနှင့်ပတ်သက်၍ ကော်မရှင်ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရမည်။

၁၉။ ကော်မရှင်အဖွဲ့ဝင်အရေအတွက်၏အနည်းဆုံးတစ်ဝက်ကျော်တက်ရောက်မှသာ အစည်း အဝေး အထမြောက်သည်။

၂၀။ ဆုံးဖြတ်ချက်များ အတည်ဖြစ်ရန် အစည်းအဝေးတက်ရောက်သည့် ဥက္ကဋ္ဌအပါအဝင် ကော်မရှင်အဖွဲ့ဝင်အများစု၏ သဘောတူညီမှုကို ရရှိရမည်။ မဲအရေအတွက် တူညီနေပါက အစည်းအဝေး၏ ဥက္ကဋ္ဌတွင် အဆုံးအဖြတ်မဲ ရှိရမည်။

၂၁။ (က) ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ၊စတော့အိပ်ချိန်း၊ ကောင်တာဈေးကွက်နှင့် ယင်းနှင့်ဆက်နွယ်နေသော လုပ်ငန်းများ ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ ၊ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်း သို့မဟုတ် အများပြည်သူ သို့ ရောင်းချရန်ကမ်းလှမ်းခြင်း၊ အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးမွှေ၍စွမ်းဆောင်ရည်ပြည့်ဝသော ရောင်းဝယ်ခြင်းနှင့် စာရင်းရှင်းလင်းခြင်း ၊ မျှတမှုမရှိသော ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများကို တားဆီးခြင်းများစသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သော စီမံမှုများပြုရန်၊ ကြီးကြပ်ကွပ်ကဲရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်အထောက်အကူပြုရန်အတွက် မူဝါဒများကို ချမှတ်ရန်တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည်။အဆိုပါလုပ်ပိုင်ခွင့်များတွင်-

(၁) ဥပဒေအရအမိန့်ကြော်ငြာစာ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(၂) လိုင်စင်ခ၊လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သည့် အဖိုးအခများကို သတ်မှတ်ခြင်း၊

(၃) စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေးများကိုသတ်မှတ်ခြင်း၊

(၄) လုပ်ငန်းကော်မတီတစ်ခု၏ တာဝန်များနှင့်သက်ဆိုင်သော အမိန့်ကြော်ငြာစာ ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ခြင်း၊

(၅) ဥပဒေကို လိုက်နာစေရာမှ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ကိစ္စရပ်များအပေါ် လမ်းညွှန်ချက် ချမှတ်ခြင်း၊

(၆) ဥပဒေ၏ရည်ရွယ်ချက်များအရ အခြားဆောင်ရွက်ချက်များအနက် တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) နည်းဥပဒေ ၂၁ ၊ နည်းဥပဒေ (က) အပိုဒ်ခွဲ (၁) အရ ကော်မရှင်က ထုတ်ပြန်သည့်

အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များ၏ ချောမွေ့၍ စွမ်းဆောင်ရည်ပြည့်ဝသောရောင်းဝယ်ခြင်း၊စာရင်းရှင်းလင်းခြင်းနှင့်ပတ်သက်၍အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များပါဝင်ရမည်-

(၁) အီလက်ထရောနစ်သတင်းအချက်အလက်နည်းပညာကို အသုံးပြု၍ လွှဲပြောင်းခြင်းအတွက် အထောက်အထားပြုနိုင်သည့် စတော့အိပ်ချိန်း စာရင်းဝင် (သို့မဟုတ်)စာရင်းဝင်မည့်ငွေချေးသက်သေခံလက်မှတ်များနှင့် အခြားငွေချေးသက်သေခံလက်မှတ်များ၏ ပိုင်ဆိုင်မှု၊

(၂) အပိုဒ်ခွဲ(၁)ပါ ငွေချေးသက်သေခံလက်မှတ်များနှင့် ပတ်သက်၍ မှတ်တမ်းရေးသွင်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် မှတ်တမ်းမှပယ်ဖျက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊

(၃) အပိုဒ်ခွဲ(၂)ပါလုပ်ငန်းစဉ်နှင့်ယင်းလုပ်ငန်းစဉ်တွင်တာဝန်ရှိသူများ သို့မဟုတ် ပါဝင်ပတ်သက်သူများအတွက် စည်းမျဉ်းစည်းကမ်းများ၊

(၄) အပိုဒ်ခွဲ(၁)ပါငွေချေးသက်သေခံလက်မှတ်ကိုင်ဆောင်သူများကို မှတ်တမ်းတင်ခြင်းနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊

(၅) အပိုဒ်ခွဲ(၁)ပါ ငွေချေးသက်သေခံလက်မှတ်များ၏ အစုရှယ်ယာပိုင်ရှင်များနှင့် ပတ်သက်သည့် အခြားကိစ္စရပ်များ၊

(၆) အီလက်ထရောနစ် သတင်းအချက်အလက်နည်းပညာကို အသုံးပြု၍ ငွေချေးသက်ခံလက်မှတ်များ၏ ချောမွေ့၍စွမ်းဆောင်ရည်ပြည့်ဝသောရောင်းဝယ်ခြင်းနှင့်စာရင်းရှင်းလင်းခြင်းကိုဖြစ်စေရန်အတွက် အခြားလိုအပ်သောကိစ္စရပ်များ၊

၂၂။ ကော်မရှင်သည် လိုင်စင်အမျိုးအစားတစ်ရပ်ကို ခွင့်ပြုသောအခါ စည်းကမ်းချက်နှင့် ကန့်သတ်ချက်များကိုတစ်ပါတည်းသတ်မှတ်ပေးရမည်ဖြစ်ပြီး လိုင်စင်သက်တမ်းကာလအတွင်း ယင်းတို့ကိုလိုအပ်သလို ပြင်ဆင် ပြောင်းလဲနိုင်သည်။

၂၃။ ကော်မရှင်သည် ဥပဒေ ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ယင်း၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအနက် တစ်ရပ်ရပ်ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအနက် တစ်ဦးဦးအား လွှဲအပ် ပေးနိုင်သည်။

(က) ကော်မရှင်၏အဖွဲ့ဝင်၊

(ခ) ကော်မရှင်ကဖွဲ့စည်းပေးသော ကော်မတီ၊

(ဂ) ကော်မရှင်အဖွဲ့ရုံး၏ အရာရှိ။

၂၄။ ကော်မရှင်သည် ယင်း၏လုပ်ငန်းတာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်များကို လွှဲအပ်ပေးပါက လွှဲအပ်ပေး ရန်သတ်မှတ်သည့် ကိစ္စရပ်အား စာဖြင့် ရှင်းလင်းစွာဖော်ပြရမည်။

၂၅။ ကော်မရှင်သည် ဥပဒေ ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် လုပ်ဆောင်မှု အတွက် ဒဏ်ကြေးတစ်ရပ်ချမှတ်ရန် ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို စာဖြင့်ရေးသား ထုတ်ပြန်ရမည်။ ဒဏ်ကြေးနှင့် ပတ်သက်သည့် အသေးစိပ် အချက်အလက်များကို ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ရမည်။

၂၆။ ကော်မရှင်သည်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက နည်းဥပဒေ ၇၁ ကို ချိုးဖောက် ခြင်း သို့မဟုတ် လိုင်စင်ရရှိသူက နည်းဥပဒေ ၁၀၃ ကိုချိုးဖောက်ခြင်းကိုတွေ့ရှိပါက ကော်မရှင် က သင့်လျော်သည်ဟု ယူဆသည့် သတ်မှတ်ထားသော ကာလအတွင်း ယင်းအပြုအမူကို ပြုပြင်ရန် သို့မဟုတ် ယင်းအပြုအမူကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်အတွက် အဆိုပါ ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင် ရရှိသူအား ညွှန်ကြားပိုင်ခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့မဟုတ် လိုင်စင်ရရှိသူ၏ အခြေ အနေနှင့် လုပ်ငန်းဆောင်ရွက်မှုက အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာ အကွယ်ပေးမှုကို ထိခိုက်နစ်နာစေနိုင်သည့် အထောက်အထားကိုတွေ့ရှိရပါက ယင်းငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူအား အောက်ပါအတိုင်းဆောင်ရွက်စေရန် ညွှန်ကြားပိုင်ခွင့်ရှိ သည်-

(က) ကော်မရှင်က သတ်မှတ်ပေးသည့် ကာလအတွင်း ယင်းအခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှုကို ပြုပြင်ရန်၊

(ခ ) ကော်မရှင်က ယင်း၏ စီမံခန့်ခွဲမှုအား ပြုပြင်သည့် အစီအမံများကို ပြုလုပ်ရန် သို့မဟုတ် သတ်မှတ်ပေးသောကာလအတွင်း အဆိုပါ ကိစ္စအတွက် ကော်မရှင်မှ ပြဋ္ဌာန်းပေးသည့် သတ်မှတ်ချက်များအား လိုက်နာရန် အပါအဝင်ဖြစ်သည့် အခြား သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်။

၂၈။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူ၏ ဒါရိုက်တာ သို့မဟုတ် လုပ်ငန်းအတွက် တာဝန်ရှိပုဂ္ဂိုလ်များက နည်းဥပဒေ ၂၆ သို့မဟုတ် ၂၇ အရ ကော်မရှင်၏ အမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက ယင်းလုပ်ငန်းဆောင်ရွက်မှုတွင် အဆိုပါဖြစ်ရပ်ကို ဖြစ်စေသည့် ဒါရိုက်တာ သို့မဟုတ် လုပ်ငန်းအတွက် တာဝန်ရှိပုဂ္ဂိုလ်များအား ဖယ်ရှားပေးရန်အတွက် ယင်းငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူအား ညွှန်ကြားပိုင်ခွင့်ရှိသည်။ အဆိုပါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင် ရရှိသူသည် အဆိုပါ ဖယ်ရှားခံရသည့် ပုဂ္ဂိုလ်များကို ဖယ်ရှားခံရသည့်နေ့မှ ရက် ၃၀ အတွင်း အခြားပုဂ္ဂိုလ်များဖြင့် အစားထိုးခန့်အပ်ရမည်။

၂၉။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူ၏ လိုင်စင်ကို ရုပ်သိမ်းရာတွင် စာဖြင့်ရေးသားထားသော အမိန့်ဖြင့် အဆိုပါ ငွေချေးသက်သေခံ လက်မှတ် ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူကို ဆက်သွယ်အကြောင်းကြားရမည်ဖြစ်ပြီး အဆိုပါ

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူ၏ရုံးရှိ အများပြည်သူမြင်နိုင်သော နေရာတွင် ယင်းအမိန့်အား ကပ်ထားစေ၍ အမိန့်ကို ပြန်တမ်းတွင် ထည့်သွင်းရမည့်အပြင် အခြားသင့်လျော်သော နည်းလမ်းဖြင့် အများပြည်သူကို သိရှိစေရမည်။

၃၀။ (က) စတော့အိပ်ချိန်းသည် စတော့အိပ်ချိန်းအတွက် ခွင့်ပြုချက်တစ်ရပ်ကို ရရှိပြီးနောက် လိုအပ်သည့်အချိန်တိုင်းတွင် စတော့အိပ်ချိန်း ဖွဲ့စည်းပုံအသစ် ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများသို့မဟုတ်ယင်းတို့၏ပြင်ဆင်ချက်မူကြမ်းများကိုကော်မရှင်သို့တင်ပြ၍ စာဖြင့်ရေးသားသော အတည်ပြုချက်ကို ရယူရမည်။ ကော်မရှင်သည် ယင်း၏ အတည်ပြုချက် သို့မဟုတ် အတည်ပြုခြင်းမပြုသည့်အချက်ကို စတော့အိပ်ချိန်းက တင်ပြသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ထုတ်ပြန်ပေးရမည်။

(ခ) ကော်မရှင်သည်စတော့အိပ်ချိန်း၏လုပ်ငန်းဆိုင်ရာစည်းမျဉ်းများကနည်းဥပဒေ ၁၅၃အရတာဝန်ခံရမည့်အချက်များကိုမဖြည့်ဆည်းနိုင်ကြောင်း အထောက်အထား တွေ့ရှိပါက စတော့အိပ်ချိန်းအား ဖြည့်စွက်စည်းမျဉ်းများ ထုတ်ပြန်ရန် သို့မဟုတ် လက်ရှိစည်းမျဉ်းများကို ရုပ်သိမ်းရန်၊ ပြောင်းလဲရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားနိုင်သည်။ကော်မရှင်သည်အဆိုပါကိစ္စများနှင့်ပတ်သက်၍စတော့အိပ်ချိန်း အား ရှင်းလင်းတင်ပြခွင့်ပြုနိုင်သည်။

၃၁။ ကော်မရှင်သည်မိမိဆုံးဖြတ်ချက်အရဖြစ်စေ သို့မဟုတ် အရာထမ်းတစ်ဦး၏တောင်းဆိုမှု အရဖြစ်စေ မိမိရရှိထားသည့် သို့မဟုတ် လက်ဝယ်ရှိသည့်စာရင်းများ၊ စာရွက်စာတမ်းများ၊ ရှင်းတမ်းများ၊ အခြားအထောက်အထားများနှင့် သတင်းအချက်အလက်များ သို့မဟုတ် ဥပဒေအရ ပြုလုပ်သည့် စစ်ဆေးမှုမှတ်တမ်းတစ်ရပ်ရပ်၏ မိတ္တူကို ရဲအရာရှိတစ်ဦး သို့မဟုတ် အရာထမ်းတစ်ဦးအား ပေးအပ်နိုင်သည်။ အုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်ရန် ကိစ္စရပ်
အတွက် ရဲအရာရှိတစ်ဦး သို့မဟုတ်အရာထမ်းတစ်ဦးဦးသို့ ပေးအပ်သည့် သတင်းအချက် အလက်များကို ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအတွက်မသုံးစွဲရ။ ရဲအရာရှိတစ်ဦး သို့မဟုတ် အရာထမ်းတစ်ဦးအား ထိုသို့ပေးအပ်ရာတွင် မြန်မာနိုင်ငံနှင့် နိုင်ငံခြားအာဏာပိုင်ကြားရှိ ပူးပေါင်းဆောင်ရွက်မှုအရ နိုင်ငံခြားအာဏာပိုင်ထံမှ လက်ခံရရှိသော သတင်းအချက် အလက်များ မပါဝင်စေရ။

၃၂။ ကော်မရှင်အဖွဲ့ရုံးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏အစီအစဉ်ဖြင့် ဖွဲ့စည်းရမည်။

၃၃။ ကော်မရှင်အဖွဲ့ရုံးချုပ်ကို ရန်ကုန်တွင် ထားရှိရမည်။ ကော်မရှင်အဖွဲ့ရုံးသည် ယင်း၏ ရုံးခွဲ သို့မဟုတ် ကိုယ်စားလှယ်ရုံးများကို လိုအပ်သည့်နေရာ၌ ဖွင့်လှစ်နိုင်သည်။

၃၄။ ကော်မရှင်အဖွဲ့ရုံး၏အရာထမ်းနှင့်အမှုထမ်းအတွက်လစာနှင့် အခြားချီးမြှင့်ငွေများသည်

ပြည်သူ့တာဝန်ထမ်းဆောင်မှုများအတွက် အစိုးရ၏ဝန်ထမ်းရေးရာ စည်းမျဉ်းစည်းကမ်းများ နှင့် အညီ ဖြစ်ရမည်။

၃၅။ ကော်မရှင်အဖွဲ့ရုံး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ -

(က) ကော်မရှင်၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ ) ဥပဒေ၊ဤနည်းဥပဒေများနှင့် ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူး လွန်သူအား ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ခြင်း၊

(ဂ ) ဥပဒေအရ ပေးဆောင်ရသည့် အခကြေးငွေများကို လက်ခံခြင်း၊

(ဃ) ဤနည်းဥပဒေများနှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ဖော်ပြသည့် ဆောင်ရွက်မှု တစ်ခုခုကို ဆောင်ရွက်ခြင်း။

၃၆။ ကော်မရှင်အဖွဲ့ရုံးသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ၊ ကောင်တာဈေးကွက် ၊ စတော့အိပ်ချိန်း ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ပတ်သက်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ သို့မဟုတ် ဥပဒေ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ ချိုးဖောက်သူအပေါ် စည်းကြပ်သော စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးနှင့် အများပြည်သူအကျိုး သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများကို ကာကွယ် ရန် တာဝန်များကိုထမ်းဆောင်ရာတွင် ရရှိသော အခြားသတင်းအချက်အလက်များကို ထုတ်ဖော်ရန် တာဝန်ရှိသည်။ အဆိုပါ ထုတ်ဖော်ချက်များသည် ဥပဒေပုဒ်မ ၁၅ နှင့် ကိုက်ညီခြင်းမရှိပါက ထုတ်ဖော်ပြသခြင်း မပြုရ။

၃၇။ ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်း များတွင် သတ်မှတ်သော အခကြေးငွေများ၊ ကော်မရှင်အဖွဲ့ရုံးက လက်ခံရရှိသော အခြား အခကြေးငွေများနှင့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ရုံး၏လုပ်ငန်းဆောင်ရွက်ခြင်းမှ ရရှိသော ဝင်ငွေများကို အစိုးရ၏ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအရ အစိုးရအဖွဲ့အစည်းများ ၏ ဝင်ငွေအဖြစ် မှတ်ယူရမည်။

၃၈။ ကော်မရှင်အဖွဲ့ရုံးသည်ယင်း၏ လုပ်ငန်းဆောင်ရွက်မှုအတွက် သင့်လျော်သောစာရင်း စနစ်တစ်ခုကိုထားရှိရမည်ဖြစ်ပြီးပုံမှန်ရုံးတွင်းစာရင်းစစ်ဆေးမှုရှိရမည်။ကော်မရှင်အဖွဲ့ရုံး၏ငွေစာရင်းကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ရမည်။

၃၉။ ကော်မရှင်အဖွဲ့ရုံးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။အစီရင်ခံစာကိုကူးပြောင်းဆဲကာလအတွင်း ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာန သို့ တင်ပြရမည်။

၄၀။ ကော်မရှင်အဖွဲ့ရုံးသည် ယင်း၏လုပ်ငန်းဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာကို ပြုစု၍ ကူးပြောင်းဆဲကာလအတွင်း ပြည်ထောင်စုအစိုးရ ၊ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဘဏ္ဍာ ရေးနှစ်ကုန်ဆုံးပြီးနောက် ၄ လ အတွင်း တင်ပြရမည်။

## အခန်း (၃)

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ

၄၁။ ဥပဒေပုဒ်မ ၂၅၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၇၅ ၊ နည်းဥပဒေခွဲ (ခ) တို့အရလိုင်စင်လျှောက်ထားခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းများကို ဥပဒေ၊ ဤနည်းဥပဒေများနှင့်ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များအရ ဆောင်ရွက်ရမည်။

၄၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ အမည်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ဟူသော စကားရပ်နှင့် အမည်အဆုံးတွင် လီမိတက် ဆိုသည့် စကားရပ် ပါဝင်စေရမည်။

၄၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှအပမည်သူမျှ ယင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် အလားတူအဓိပ္ပါယ်သက်ရောက်သည့်အမည် သို့မဟုတ် ဖော်ပြချက်တစ်ရပ်ရပ်ကို မသုံးစွဲရ။

၄၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ကော်မရှင်၏အတည်ပြုချက်ဖြင့်သာ ရုံးခွဲတစ်ခုကိုတည်ထောင်နိုင်သည်။ အတည်ပြုချက်ရရှိရန် ယင်းသို့လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်းများ သည် ဤနည်းဥပဒေများနှင့်ကော်မရှင်မှသတ်မှတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၄၅။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကိုလိုင်စင်ဖြင့်သို့မဟုတ် နိုင်ငံခြား တိုင်းပြည်တစ်ခု တွင် အမျိုးအစား တူညီသည့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသောကုမ္ပဏီသည် ကော်မရှင်၏ခွင့်ပြုချက်ဖြင့်ကိုယ်စားလှယ်ရုံးခွဲကိုတည်ထောင်နိုင်သည်။အဆိုပါ ကိုယ်စားလှယ်ရုံးသည်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကိုဆောင်ရွက်ခြင်းမပြုရပါ။ သို့ရာတွင် ကော်မရှင် ၏ ခွင့်ပြုမိန့်တွင် သီးသန့်ဖော်ပြထားသော လုပ်ငန်းကို ဆောင်ရွက်နိုင်ပါသည်။

၄၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မတည်ငွေရင်း လုံလောက်မှုနှင့် ငွေဖြစ်လွယ်သည့် ရရန်ပိုင်ခွင့် လိုအပ်ချက်များအပါအဝင် လုံလောက်သော ငွေရေးကြေးရေး အရင်းအမြစ်ကို ထိန်းသိမ်းထားရှိရမည်။

၄၇။ ကော်မရှင်သည် ဥပဒေ ပုဒ်မ ၂၃ အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ရပ်ရပ် လုပ်ဆောင်ခြင်းအတွက်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှထားရှိရမည့် အနည်းဆုံးထည့်ဝင် ပြီး မတည်ငွေရင်းကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၄၈။ မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမျှ

(က) ကော်မရှင်၏အတည်ပြုချက်မရရှိဘဲ ယင်း၏မတည်ငွေရင်းကို လျှော့ချခြင်းမပြုရ၊

(ခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူထံမှ ရောင်းချရန် သို့မဟုတ် ဝယ်ယူရန် ညွှန်ကြားချက်ကိုမရရှိသည့်အပြင်အဆိုပါရောင်းဝယ်မှုကိုခွင့်ပြုကြောင်း ကော်မရှင်မှအမိန့်ကြော်ငြာစာတစ်ရပ်ထုတ်ပြန်ခြင်းမရှိပါကလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ကိုယ်စား ငွေချေးသက်သေခံလက်မှတ်များကို ရောင်းခြင်း သို့မဟုတ် ဝယ်ခြင်း မပြုရ၊

(ဂ) ကော်မရှင်က ခွင့်ပြုခြင်းမရှိပါက ကုမ္ပဏီ၏ ရုံးချုပ် သို့မဟုတ် ရုံးခွဲများ၏ ပြင်ပတွင် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ရောင်းရန် သို့မဟုတ် ဝယ်ရန် ညွှန်ကြားချက်များကို လက်ခံခြင်း မပြုရ၊

(ဃ) အောက်ပါကိစ္စရပ်များမှအပ ရှယ်ယာများကိုဝယ်ယူခြင်း သို့မဟုတ်လက်ဝယ်ထားရှိခြင်းမပြုရ-

(၁) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်း သို့မဟုတ် ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့်ခွင့်ပြုသည့်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများအတွက် ရယူထားသည့်ရှယ်ယာများ၊

(၂) ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ဖြင့် ရယူထားသည့်ရှယ်ယာများ၊

(င) လိုင်စင်ရရှိသည့်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများနှင့်အောက်ပါ လုပ်ငန်းများနှင့်ဆက်နွှယ်သည့် လုပ်ငန်းများမှအပ လုပ်ငန်းတစ်ခုခုတွင် ပါဝင်ပတ်သက်ခြင်း မပြုရ-

(၁) ကော်မရှင်ထံမှ သီးခြားခွင့်ပြုချက်ရယူရန် မလိုအပ်ဘဲ ဆောင်ရွက်နိုင်သော အောက်တွင်ဖော်ပြသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ဆက်နွှယ်သောလုပ်ငန်းများ၊

(ကက) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေး

ခြင်းလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း၊

(ခ ခ ) ငွေချေးသက်သေခံလက်မှတ်များကို ယာယီ လက်ဝယ်ရယူခြင်း သို့မဟုတ် ယာယီထုတ်ပေးခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ယာယီလက်ဝယ်ရယူခြင်း သို့မဟုတ် ယာယီထုတ်ပေးခြင်းနှင့် ဆက်နွယ်၍ ကြားခံ သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခြင်း၊

( ဂ ဂ ) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများက အပ်နှံထားသည့် ငွေချေးသက်သေခံလက်မှတ်များကို အာမခံပစ္စည်းအဖြစ်ထားရှိ၍ ငွေထုတ်ချေးခြင်း၊

(ဃဃ) ငွေချေးသက်သေခံလက်မှတ်များနှင့် ပတ်သက်၍ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

( င င ) ငွေချေးသက်သေခံလက်မှတ်များနှင့် ပတ်သက်၍ သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်များပေးခြင်း၊

( စ စ ) အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊ သို့ရာတွင် အဆိုပါ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းသည် ကိုယ်စားလှယ်မှ ဆောင်ရွက်နိုင်ခွင့်ရှိသည့် လုပ်ငန်း အမျိုးအစားသာ ဖြစ်ရမည်၊

(ဆဆ) ကုမ္ပဏီဖွဲ့စည်းမှု ပုံသဏ္ဍာန်ပြောင်းလဲခြင်း ၊ ပြောင်းလဲဖွဲ့စည်းခြင်း သို့မဟုတ် ပြန်လည် ဖွဲ့စည်းခြင်းများတွင် အကြံဉာဏ်ပေးခြင်း၊

( ဇ ဇ ) အပိုဒ်ခွဲ “ဆဆ” တွင်မပါဝင်သည့်လုပ်ငန်း သို့မဟုတ် စီမံခန့်ခွဲမှုအပေါ် အကြံဉာဏ်ပေးခြင်း၊

( ဈ ဈ) ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် ပြဋ္ဌာန်းထားသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ဆက်နွယ်သည့် အခြားလုပ်ငန်းများနှင့်

(၂) ကော်မရှင်ထံမှ ကြိုတင်အတည်ပြုချက်တစ်ရပ်ကို ရယူဆောင်ရွက်ရသည့် အခြားသော လုပ်ငန်းရပ်။

(စ ) ကော်မရှင်၏ကြိုတင်အတည်ပြုချက်မရှိဘဲကုမ္ပဏီ၏ရုံးချုပ်သို့မဟုတ် ရုံးခွဲများကို နေရာပြောင်းရွှေ့ခြင်းမပြုရ၊

(ဆ) ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိပါက မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်းမပြုရ၊

( ဇ ) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချရာတွင် နည်းဥပဒေ ၁၀၈ ၊ နည်းဥပဒေခွဲ (က) (၂) တွင် ဖော်ပြထားသည့် အချက်အလက်များ၏ မိတ္တူတစ်စောင်နှင့်အတူ ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ရန်

ဖြစ်သည့် လုပ်ငန်းလမ်းညွှန်စာတမ်းတွင် ပုံနှိပ်ပုံစံ သို့မဟုတ် အီလက်ထရောနစ်ပုံစံဟု ပါဝင်ခြင်း မရှိပါက လုပ်ငန်းလမ်းညွှန်စာတမ်း မိတ္တူတစ်စောင်ကို ပုံနှိပ်ပုံစံ သို့မဟုတ် အီလက်ထရောနစ်ပုံစံဖြင့်ငွေချေးသက်သေခံလက်မှတ်များရောင်းချခြင်း မတိုင်မီ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူသို့ ကြိုတင်၍ ဖြန့်ဝေခြင်းမပြုဘဲ ငွေချေးသက်သေခံလက်မှတ်များကိုလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူသို့ရောင်းချခြင်းမပြုရ။

၄၉။ မည်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမျှ မိမိ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့ စည်းမျဉ်းကို ကော်မရှင်၏ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်းမပြုရ။

၅၀။ မည်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမျှ အောက်ပါပုဂ္ဂိုလ်ကို ဒါရိုက်တာ သို့မဟုတ် တာဝန် ရှိပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်စေခြင်း မပြုရ။

(က) လူမွဲစာရင်းဝင်ဖြစ်နေသူ၊

(ခ) တရားရုံးတစ်ရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၊

(ဂ) ကော်မရှင်က ခွင့်ပြုထားသည်မှအပ လိုင်စင် ရုပ်သိမ်းထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ၊ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သူ၊

(ဃ) အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ်တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သူ၊

(င ) နည်းဥပဒေ ၂၈ သို့မဟုတ် အခြားဥပဒေများ၏ ပြဋ္ဌာန်းချက်များအရ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်ရာထူးတစ်ရပ်မှ ထုတ်ပယ်ခံရသူ၊

(စ ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုတွင်အကူအညီပေးရန် ကိစ္စရပ်အတွက် ကော်မရှင်၏ သဘောတူညီချက်ဖြင့် ခန့်အပ်မှု ပြုခြင်းမှအပ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည့် အစိုးရအရာရှိ သို့မဟုတ် ကော်မရှင်အဖွဲ့ရုံး ၏ အရာရှိဖြစ်သူ၊

(ဆ) ကော်မရှင်မှ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် ပညာရေးနှင့် အသက်မွေးမှုဆိုင်ရာ အရည်အချင်းမပြည့်မီသည့် ပုဂ္ဂိုလ်၊

(ဇ) ကော်မရှင်မှ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် အခြားတားမြစ်သည့် စရိုက်လက္ခဏာများ ရှိသူ။

၅၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏လုပ်ငန်း ကို စီမံခန့်ခွဲရန် ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်များကို ကော်မရှင်၏ အတည်ပြုချက် ရရှိပြီးမှသာ ခန့်အပ်ရမည်။ ကော်မရှင်က အတည်ပြုပြီးသည့်နောက် ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်သည် နည်းဥပဒေ ၅၀ ပါ တားမြစ်ချက်တစ်ရပ်နှင့် ငြိစွန်းသည်ကိုတွေ့ရှိရပါက မိမိ၏ အတည်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ အဆိုပါ ပုဂ္ဂိုလ်နေရာ၌ အစားထိုးရန် အတွက်

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အတည်ပြုချက် ရုပ်သိမ်းသည့်နေ့မှ ၁၅ ရက် အတွင်း ကော်မရှင်သို့ အဆိုပြုရမည်။

၅၂။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အောက်ပါစာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်-

(၁) အရောင်း (သို့မဟုတ်) အဝယ်အမှာစာများ၊

(၂) ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်သည့်နေ့ မှတ်တမ်းများ၊

(၃) ကြားခံဆောင်ရွက်သူ၊ ကိုယ်စားလှယ်နှင့် သက်ဆိုင်သည့် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုမှတ်တမ်းများ၊

(၄) ရှယ်ယာဝယ်ယူခြင်းအတွက် ညှိနှိုင်းဆောင်ရွက်မှုနှင့် ဆိုင်သော ရောင်းဝယ်မှု မှတ်တမ်းများနှင့် အခြားကိစ္စရပ်များ၊

(၅) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏စာရင်းများ၊

(၆) ငွေချေးသက်သေခံလက်မှတ်အရေအတွက်မှတ်တမ်းများ၊

(၇) ထိန်းသိမ်းစောင့်ရှောက်ခွင့်အရသိမ်းဆည်းထားသည့် ငွေချေးသက်သေခံလက်မှတ်များ၏ ရှင်းတမ်းများ၊

(၈) သီးခြားစီထိန်းသိမ်းထားသော စာရင်းများကို စာရင်းစစ်ခြင်း၏ ရလဒ်များနှင့် ပတ်သက်သော မှတ်တမ်းများ၊

(၉) ရောင်းဝယ်မှုပြုထားသည့် ငွေချေးသက်သေခံလက်မှတ်စာရင်းများ၊

(၁၀)ငွေချေးစာချုပ် ပြန်လည်ဝယ်ယူခြင်းနှင့်ပတ်သက်သည့် ရောင်းဝယ်မှု စာရင်းများ၊

(၁၁)ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာပဋိညာဉ်စာချုပ်များ၏ အသေးစိပ်ရေးသားဖော်ပြချက်များ၊

(၁၂)ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းတို့၏ အသေးစိပ်ရေးသားဖော်ပြချက်များ၊

(ခ) သက်ဆိုင်သည့်စာရင်းနှင့်မှတ်တမ်းများတွင်အောက်ပါ သတင်းအချက်အလက်များ သင့်လျော်သလို ပါဝင်ရမည်-

(၁) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏အမည်၊ယင်းကိုယ်စားလုပ်ငန်းဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်၊

(၂) ဝယ်သည့် သို့မဟုတ် ရောင်းသည့် တန်ဖိုး၊

(၃) ရောင်းဝယ်သည့် နေ့နှင့် အချိန်၊

(၄) ရောင်းဝယ်သည့် ဈေးနှုန်း၊

(၅) ရောင်းဝယ်မှုကိုဆောင်ရွက်သည့်တစ်ဦးချင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ။

၅၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်နည်းဥပဒေ ၅၂ တွင် သတ်မှတ်သည့်စာရင်းနှင့် မှတ်တမ်းများအား ယင်းတို့ကို ပြုစုထားရှိသည့်နေ့မှ ၁၀ နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

၅၄။ နည်းဥပဒေ ၅၂ တွင် ဖော်ပြပါရှိသော စာရင်းနှင့် မှတ်တမ်းများကို ကော်မရှင်မှ ထုတ်ပြန် သည့် အမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း အီလက်ထရောနစ်ပုံစံဖြင့် ပြုစုထားရှိ နိုင်သည်။

၅၅။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်စာရင်းများကို သက်ဆိုင်ရာမြန်မာနိုင်ငံစာရင်း ကိုင်စံများနှင့်အညီ ပြုစုထားရှိရမည်ဖြစ်ပြီး ကော်မရှင်မှ သတ်မှတ်သည့် အချိန်အတွင်းပြီးစီး အောင် ပြုစုထားရှိရမည်။

၅၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ၃ လအတွင်း ကော်မရှင်သို့ တင်ပြရမည်။ အဆိုပါ စာရင်းစစ်အစီရင်ခံစာ နှင့်အတူ ကော်မရှင်မှ သတ်မှတ်ထားသည့် အချက်အလက်များ ပါဝင်ရမည်။ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ၏ စာရင်းစစ်အစီရင်ခံစာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲ တင်ပြရမည်။

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းထားသော လက်ကျန် ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများ ပါဝင်သည့် ငွေရေးကြေးရေးရှင်းတမ်းများ၊

(ခ ) ဤနည်းဥပဒေများနှင့် ကော်မရှင်မှ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ။

၅၇။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ စာရင်းစစ်သည် စာရင်းစစ်ဆေးရာတွင် အောက်ပါအချက်များကို အလေးထားဆောင်ရွက်ရမည်-

(၁) မိမိထင်မြင်ချက်အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ ငွေရေးကြေးရေး အခြေအနေကို အရေးကြီးသော အတိုင်းအတာတစ်ခုအထိ ထိခိုက်သည့် သို့မဟုတ် ထိခိုက်နိုင်သည့်ကိစ္စရပ်၊

(၂) မိမိထင်မြင်ချက်အရ ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ကို ချိုးဖောက်မှု သို့မဟုတ် ချိုးဖောက်ရာရောက်မှု၊ လိမ်လည်မှု သို့မဟုတ် မရိုးသားမှုဖြင့် ဆက်နွှယ်သော ပြစ်မှုရှိသည့် ကိစ္စရပ်၊

(၃) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ နှင့်သက်ဆိုင်သောငွေကြေး သို့မဟုတ် ရရန်ပိုင်ခွင့် အပါအဝင်စာရင်းအင်းများ အပေါ်ထိခိုက်နိုင်သော သို့မဟုတ် ထိခိုက်မှုရှိနိုင်သော ပုံမှန်မဟုတ်မှုတစ်ရပ်၊ စာရင်းစစ်သည် အဆိုပါကိစ္စရပ် သို့မဟုတ် ပုံမှန်မဟုတ်မှုကို ကော်မရှင်သို့ အစီရင်ခံစာ အလျင်အမြန် ပေးပို့ရမည်။ ယင်းငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည်စတော့အိပ်ချိန်း၏ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူဖြစ်ပါက အဆိုပါ အစီရင်ခံစာ၏ မိတ္တူတစ်စောင်ကို စတော့အိပ်ချိန်းသို့ ပေးပို့ရမည်။

(ခ) ကော်မရှင်သည်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏စာရင်းစစ်အား အောက်ပါ တာဝန်များသို့မဟုတ် တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန် သတ်မှတ်ပေးနိုင်သည်-

(၁) ကော်မရှင်မှလိုအပ်သည်ဟုယူဆပါက စာရင်းစစ်ဆေးခြင်းနှင့် ဆက်စပ်သည့် ထပ်ဆောင်း သတင်းအချက်အလက်များကို ကော်မရှင်သို့ တင်ပြရန် တာဝန်၊

(၂) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏လုပ်ငန်းနှင့်ကိစ္စရပ်များအတွက်စာရင်း စစ်ဆေးခြင်း နယ်ပယ်ကို ချဲ့ထွင်ရန် သို့မဟုတ် တိုးမြှင့်ရန် တာဝန်၊

(၃) အခြားစုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရန် သို့မဟုတ် သီးခြားကိစ္စရပ်တစ်ခု အတွက် လုပ်ထုံးလုပ်နည်းကို ချမှတ်ရန် တာဂန်၊

(၄) အပိုဒ်(၂) နှင့် (၃) တွင် ဖော်ပြသည့် ကိစ္စရပ်များအနက် တစ်ရပ်ရပ်နှင့်ပတ် သက်သည့် အစီရင်ခံစာတစ်စောင်ကို ကော်မရှင်သို့ တင်သွင်းရန် တာဝန်။

၅၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကော်မရှင် သို့ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း တင်ပြရမည်။ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ တွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) မှတ်ပုံတင်သည့်ရက်နှင့် မှတ်ပုံတင်နံပါတ်၊

(ခ ) ဆောင်ရွက်သည့်လုပ်ငန်းအမျိုးအစားများ၊

(ဂ ) ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအပေါ် ခြုံငုံသုံးသပ်ချက်၊

(ဃ) ဒါရိုက်တာ၊ အရာရှိနှင့် ဂန်ထမ်းများ၏ သတင်းအချက်အလက်များ၊

(င ) ငွေချေးသက်သေခံလက်မှတ်များကို ကိုယ်ပိုင် ရောင်းဝယ်ခြင်း ၊ အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း ၊ တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်း၊ ကမ်းလှမ်းရောင်းချခြင်း ၊ ငွေချေးသက်သေခံလက်မှတ်များကို ယာယီလက်ဂယ်ရယူခြင်း၊ယာယီထုတ်ပေးခြင်း ၊ ငွေချေးသက်သေခံလက်မှတ်များ ကို သီးခြားစီခွဲခြား၍ စီမံခန့်ခွဲခြင်း ၊ ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်သော ဘဏ္ဍာရေး နှစ်အတွင်း အသေးစိပ်ဆောင်ရွက်မှုများ၊

(စ ) ရုံးချုပ်နှင့် ရုံးခွဲများ၏ သတင်းအချက်အလက်များ၊

(ဆ) လက်ကျန်ရှင်းတမ်းနှင့်အရှုံးအမြတ်စာရင်းများပါဂင်သောဘဏ္ဍာရေးရှင်းတမ်းများ၊

၅၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်ကော်မရှင်က သတ်မှတ်သည့်ကာလအတွင်းသာ ယင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို အများပြည်သူသို့ အသိပေးခြင်း (သို့မဟုတ်) အခြားသတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း ပြုရမည်။ ထိုသို့ ဆောင်ရွက်ရာ တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီရုံး၏ သိသာထင်ရှားသောနေရာတွင် ဖော်ပြထားရှိ ရမည် သို့မဟုတ်

သင့်လျော်သည့် နည်းလမ်းဖြင့် အများပြည်သူကိုသိရှိစေရမည်။ အဆိုပါ အများပြည်သူသို့ အသိပေးခြင်း (သို့မဟုတ်) ထုတ်ဖော်အသိပေးခြင်းများ၏ မိတ္တူနှင့်အတူ အစီရင်ခံစာကို ကော်မရှင် သို့ တင်ပြရမည်။

၆၀။ ကော်မရှင်သည် မည်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုမဆို ကော်မရှင်က သတ်မှတ်သည့်အချိန်ကာလတစ်ခုအတွက်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ အစီရင်ခံစာ တစ်ရပ်ကို တင်ပြရန် သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ကို တင်သွင်းရန် သတ်မှတ်ပြဋ္ဌာန်း နိုင်သည်။ ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများအရ ထိုသို့ တင်ပြသည့် အစီရင်ခံစာသို့မဟုတ် စာရွက်စာတမ်းများကို အသေးစိပ် ဖော်ပြရှင်းလင်းစေရန် ဖြေရှင်းချက်တစ်ရပ်ကို တောင်းခံနိုင်သည်။ ထိုသို့ တင်ပြသည့် ဖြေရှင်း ချက်များသည် ပြည့်စုံ၍ မှန်ကန် တိကျရမည်။

၆၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ကော်မရှင်က သတ်မှတ်ပေးသည့် နေ့ရက်နှင့် အချိန်များအတွင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၆၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ စာရင်းကိုအခြေပြု၍ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင်သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရာတွင် ယင်းအားခန့်အပ်သည့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် စာဖြင့် ရေးသားသည့် သဘောတူညီချက်တစ်ရပ် ချုပ်ဆိုရမည်။

၆၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့် ဆက်သွယ် ဆောင်ရွက်သူ၏ ကိုယ်စား ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုအတွက် ပဋိညာဉ် စာချုပ်တစ်ရပ်ကို အပြီးသတ်ချုပ်ဆိုသည့်အခါပဋိညာဉ်မှတ်တမ်းကိုပြုစုပြီးလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူသို့ အမြန်ဆုံးပေးပို့ရမည်။ ပဋိညာဉ်မှတ်တမ်းတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။

(က) ရောင်းဝယ်မှု ပဋိညာဉ်စာချုပ်ရက်စွဲ၊

(ခ) ဝယ်ခြင်း သို့မဟုတ် ရောင်းခြင်း ဖော်ပြချက်၊

(ဂ) ရောင်းဂယ်သည့်ငွေချေးသက်သေခံလက်မှတ်များ၏ အမည်၊

(ဃ) အရေအတွက်၊

(င) ဈေးနှုန်း။

၆၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ခွင့်ပြု ချက်ကို ရရှိပြီးပါက အထက်ပါအချက်အလက်များကို အီလက်ထရောနစ်ပုံစံဖြင့် ပေးပို့နိုင်သည်။

၆၅။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လိုင်စင်ရရှိထားသည့် ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းတစ်ရပ်အား ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိသည့်အခါ ကော်မရှင်၏

အတည်ပြုချက်ကိုတောင်းခံရမည်။ ကော်မရှင်သည် အတည်ပြုချက်ပေးရာတွင် စည်းကမ်းချက် များကို သတ်မှတ်ပေးနိုင်သည်။

၆၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် မိမိ၏လုပ်ငန်းဆောင်ရွက်မှုအား ဆက်လက် လုပ်ကိုင်ခြင်းမပြုရန်၊ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆောင်ရွက်မှုအားရပ်စဲရန်ကော်မရှင် ထံမှ အတည်ပြုချက် တောင်းခံရာတွင် သို့မဟုတ် ယင်း၏လိုင်စင်အား ကော်မရှင်က ရုပ်သိမ်း ခြင်းခံရရာတွင် ငွေချေးသက်သေခံလက်မှတ်များဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် လဲလှယ် ခြင်းနှင့် ရှင်းလင်းဆောင်ရွက်ရန် ကျန်ရှိသည့် ငွေချေးသက်သေခံလက်မှတ်များအား စာရင်း ရှင်းလင်းခြင်း၊ထုတ်ပေးခြင်းနှင့် အခြားငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများကို ကော်မရှင် မှ သတ်မှတ်ပေးသည့် အချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ခြင်းတို့အပြင် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများမှ ယုံကြည်စွာအပ်နှံထားသည့် ရရန်ပိုင်ခွင့်များနှင့် ငွေကြေးများကို ပြန်လည် ပေးအပ်ရမည်။

၆၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိတစ်ဦးအား ခန့်အပ်ရာ၌ ကော်မရှင်၏အတည်ပြုချက်ကို ရယူရမည်။

၆၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်းများ သည်မျှတပြီးသဘောရိုးရှိသောဝန်ဆောင်မှုကို ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည်များမှအပ အောက်ဖော်ပြပါနည်းလမ်းများဖြင့် ဆောင်ရွက်ရမည်-

(က) တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေလှည့်ဖြားသော၊ လိမ်လည်သော ၊ အထင် အမြင်မှားစေသော ကြော်ငြာမှုနည်းလမ်းဖြင့် မည်သည့်တင်ပြမှုကိုမျှ မပြုလုပ်ခြင်း နှင့်ကြော်ငြာရာတွင် ကော်မရှင်မှ သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ခ ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ဗဟုသုတ၊ အတွေ့အကြုံအဆင့်အတန်းနှင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်များအရယင်းအားပေးရမည့် သတင်းအချက်အလက် နှင့် အကြံဉာဏ်များ သင့်မြတ်လျော်ကန်စေခြင်း၊

(ဂ ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ဆောင်ရွက်ပေးသည့် ရောင်းဝယ်မှုနှင့် ပတ် သက်သောငွေရေးကြေးရေးဆုံးရှုံးနိုင်ခြေကိုလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အလားအလာရှိသည့်လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူသို့အသိပေးခြင်း၊

(ဃ) လုပ်ငန်းအတွက်ဆွဲဆောင်ရာတွင် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအားဆုံးရှုံး မှုကို ပေးလျော်မည် သို့မဟုတ်အထူးအကျိုးအမြတ်ပေးမည် ကတိမပြုရန်နှင့် ထိုသို့ ကတိပြုသည်ဖြစ်စေ၊မပြုသည်ဖြစ်စေဆုံးရှုံးမှုအတွက်ပေးလျော်မှု သို့မဟုတ် အထူး အကျိုးအမြတ်ပေးမှုတို့ကို မပြုလုပ်ခြင်း၊

(င ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏သတင်းအချက်အလက်များကို အခြေခံ၍ မိမိ၏ ကိုယ်ပိုင်စာရင်းဖြင့် မလျော်ကန်စွာ ရောင်းဝယ်မှုများ မပြုလုပ်ရခြင်း၊

(စ ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏သတင်းအချက်အလက်များကို ရယူ၍

ယင်းတို့၏ဗဟုသုတ၊အတွေ့အကြုံ၊ ပိုင်ဆိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ နှင့်အညီ သင့်လျော်သော နည်းလမ်းတစ်ရပ် ဖြင့် လုပ်ငန်းဆွဲဆောင်မှုပြုခြင်း၊

(ဆ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူက မေတ္တာရပ်ခံခဲ့လျှင် ရောင်းချသော ငွေချေး သက်သေခံလက်မှတ်များနှင့် ပတ်သက်သည့် ရှင်းလင်းချက်ကို ပေးရမည်ဖြစ်ပြီး အဆိုပါ ရှင်းလင်းချက်သည် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ဗဟုသုတ ၊ အတွေ့အကြုံ၊ ပိုင်ဆိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်များ၏ အဆင့်အတန်းနှင့် သင့်မြတ်လျော်ကန်ရမည်ဖြစ်ခြင်း၊

(ဇ ) နည်းဥပဒေ ၆၃ အရ ပဋိညာဉ်မှတ်တမ်းပေးပို့သည့် ကိစ္စရပ်မှအပလုပ်ငန်းနှင့်ဆက် သွယ်ဆောင်ရွက်သူနှင့်ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်တစ်ရပ် အကျိုးသက်ရောက် သည့်အခါ ပဋိညာဉ်စာချုပ်၏ အသေးစိပ် အချက်အလက်များကို ဖော်ပြသည့် စာရွက်စာတမ်းကို အဆိုပါ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူသို့ နှောင့်နှေးမှု မရှိစေဘဲ ပေးအပ်ခြင်း၊

(ဈ) သက်ဆိုင်သည့်ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်း၊ တန်ဖိုး၊ အမျိုးအစား တို့နှင့်ပတ်သက်သည့် မည်သည့် ကိစ္စရပ်တွင်မဆို မိမိ၏ လုပ်ငန်းနှင့် ဆက်သွယ် ဆောင်ရွက်သူများ သို့မဟုတ် အများပြည်သူကို လှည့်စားရာရောက်စေသည့် အပြု အမူများတွင် ပါဝင်ပတ်သက်မှု မရှိခြင်း၊

(ည) မိမိ၏ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ သို့မဟုတ် အခြားအကျိုးသက် ရောက်မှုရှိသူကိုထိခိုက်စေသည်သို့မဟုတ်မမျှတသည့် ဆက်ဆံမှုကို ဖြစ်စေသည်ဟု ကော်မရှင်၏ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် အပြုအမူတစ်ရပ်တွင် ပါဝင် ပတ်သက်မှု မရှိခြင်း၊

(ဋ ) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူသည် ဥပဒေ အခန်း ၉ ပါ တားမြစ်သည့် ပြုလုပ်မှုများကိုကျူးလွန်သည် သို့မဟုတ် ကျူးလွန်နိုင်သည်ကို သိရှိလျှင် အဆိုပါ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူထံမှ ငွေချေးသက်သေခံလက်မှတ်များရောင်း ဝယ်မှုပြုရန် အမှာစာများကို လက်မခံခြင်း၊

(ဌ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် ဆက်နွယ်၍ သက်ဆိုင်ရာ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူက အပ်နှံထားသည့် ရရန်ပိုင်ခွင့်များကို လုပ်ငန်း၏ ရရန် ပိုင်ခွင့်များ သို့မဟုတ် မိမိ၏ ရရန်ပိုင်ခွင့်များနှင့် အခြားလုပ်ငန်းနှင့် ဆက်သွယ် ဆောင်ရွက်သူများ၏ ရရန်ပိုင်ခွင့်များနှင့် ခွဲခြား၍ စီမံခန့်ခွဲခြင်း။

၆၉။ နည်းဥပဒေ ၆၃ သို့မဟုတ် ၆၈ ပါ အပြုအမူများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် သောမည်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမဆိုကော်မရှင်ကသတ်မှတ်သည့်ဒဏ်ကြေး ကို ပေးဆောင်ရမည်။

၇၀။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်ရာတွင် လက်ခံရရှိသည့်

သို့မဟုတ် ထိန်းသိမ်းထားသည့် မိမိတာဝန်ခံရမည့် ငွေကြေးနှင့်ပတ်သက်၍-

(၁) ငွေကြေးနှင့်ရရန်ပိုင်ခွင့်များကိုလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့်သဘောတူထားသည့် ကိစ္စရပ်တွင်သာ သုံးစွဲရမည်။

(၂) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏အကျိုးအမြတ်အတွက် ယုံကြည်အပ်နှံထားသည့်ငွေအဖြစ် ထားရှိရမည်။

(၃) မိမိ၏ကိုယ်ပိုင်ငွေကြေးကို လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ စာရင်းမှ ရရှိသည့်ငွေနှင့် ရောနှောခြင်းမပြုရ။

(ခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူတစ်ဦးစီ၏ ငွေကြေးနှင့် ရရန်ပိုင်ခွင့်များကို လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးချင်းအတွက် မှတ်တမ်းပြု သီးခြား ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ်လိုင်စင်ရရှိသူက လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေကြေးနှင့်ရရန်ပိုင်ခွင့်များ ကိုင်တွယ် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အခြားကိစ္စရပ်တစ်ခုအတွက် အမိန့်ကြော်ငြာစာ ထုတ်နိုင်သည်။

၇၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-

(က) ဥပဒေ အခန်း ၉ ပါ တားမြစ်သည့်ပြုလုပ်မှုများကို မိမိကိုယ်တိုင်နှင့် မိမိ၏လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများက ပြုလုပ်ခြင်းမှ တားဆီးရန် လိုအပ်သော စီမံဆောင်ရွက်မှုများကို ချမှတ်ဆောင်ရွက်ရမည်။

(ခ ) ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ် အရေအတွက်နှင့် ဈေးနှုန်းများအပါအဝင်အလွန်အမင်း လျော့ကန်မှုမရှိသည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်ခြင်းမဖြစ်စေရ။

(ဂ) ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သင့်မြတ်လျော်ကန်မှု ရှိ မရှိ ဆုံးဖြတ်နိုင်ရန် ထုတ်ဝေသူ၏ ငွေရေးကြေးရေးအခြေအနေ၊ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် အခြားသတင်းအချက်အလက်များကို သင့်လျော်သည့် စစ်ဆေးမှု ပြုလုပ်ရမည်။

(ဃ) ကော်မရှင်မှ သတ်မှတ်သည့် ဆောင်ရွက်ရမည့် သို့မဟုတ် ဆောင်ရွက်မှုမပြုရမည့် ကိစ္စရပ်ကို လိုက်နာရမည်။

## အခန်း(၄)
## လိုင်စင်

၇၂။ (က) ဥပဒေပုဒ်မ ၂၅ တွင်ဖော်ပြထားသည့်လုပ်ငန်းလိုင်စင်တစ်ခုကိုရယူလိုသော ပုဂ္ဂိုလ်

သည် အောက်ပါအချက်အလက်များပါဝင်သည့် လျှောက်လွှာကို စာဖြင့်ရေးသား၍ ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။( အဆိုပါပုဂ္ဂိုလ်အား လျှောက်ထားသူဟု နောင်တွင်ခေါ်ဆိုပါမည်။)

(၁) အမည် သို့မဟုတ် လုပ်ငန်းအမည်၊

(၂) ထည့်ဝင်ပြီးမတည်ငွေရင်းပမာဏ၊

(၃) ရုံးချုပ်နှင့် ရုံးခွဲများအပါအဝင် ရုံးများ၏တည်နေရာ၊

(၄) ဒါရိုက်တာနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၏အမည်၊ပညာအရည်အချင်း၊အတွေ့အကြုံ၊

(၅) စည်းမျဉ်း ၊ စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး အရာရှိများ၏ အမည် ၊ ပညာအရည်အချင်း၊ အတွေ့အကြုံ၊

(၆) လျှောက်ထားသည့်လိုင်စင်အမျိုးအစား၊

(၇) လျှောက်ထားသူ၏အခြားလုပ်ငန်းအမျိုးအစား (ရှိခဲ့လျှင်)၊

(၈) ကော်မရှင်မှသတ်မှတ်ထားသည့် အချက်အလက်များ။

(ခ) နည်းဥပဒေခွဲ(က)နှင့်အညီ လိုင်စင်လျှောက်လွှာတွင် အောက်ပါ စာရွက်စာတမ်းများကို ပူးတွဲရမည်-

(၁) လျှောက်ထားသူသည် နည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ (ခ)တွင် ဖော်ပြထားချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စာဖြင့်ရေးသားထားသည့် ဝန်ခံချက်၊

(၂) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၊

(၃) လုပ်ငန်းဆောင်ရွက်မည့် နည်းလမ်းများကို ဖေါ်ပြသည့် စာရွက်စာတမ်း၊

(၄) ကော်မရှင်မှ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ။

(ဂ) ကော်မရှင်သည် လိုင်စင်ထုတ်ပေးရန်အတွက် လျှောက်လွှာကို လက်ခံရရှိပြီးနောက် မည်သည့်အချိန်တွင်မဆိုလျှောက်ထားသူ ၊ လျှောက်ထားသူ၏ ဒါရိုက်တာများ၊ အစုရှယ်ယာ ၁၀% ထက်ပို၍ ပိုင်ဆိုင်မှုရှိသည့် အစုရှယ်ယာပိုင်ရှင်တစ်ဦးနှင့် လျှောက်ထားသူ၏တာဝန်ရှိပုဂ္ဂိုလ်များအား ငွေရေးကြေးရေး ၊ ပြစ်မှုဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာနောက်ခံအကြောင်းစိစစ်မှုများအပါအဝင် လိုင်စင် ထုတ်ပေးခြင်းကိုငြင်းပယ်ရန်အကြောင်းပြချက်များမရှိကြောင်းလိုအပ်သလို စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်သည်။

၇၃။ (က) ကော်မရှင်သည်ဥပဒေပုဒ်မ ၂၅ အရ လိုင်စင်အတွက်လျှောက်လွှာကိုတင်ပြလာလျှင် အဆိုပါလျှောက်လွှာအားအောက်တွင်ဖေါ်ပြသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရမည်-

(၁) လျှောက်ထားသူသည် ကော်မရှင်မှ သတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုနှင့် ငွေဖြစ်လွယ်သည့် ရရန်ပိုင်ခွင့် လိုအပ်ချက်များနှင့် ဥပဒေပုဒ်မ ၂၅ တွင် ပါရှိသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံအတွင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ငွေရေးကြေးရေးအခြေခံအဖြစ်ကော်မရှင်မှ သတ်မှတ်သည့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေရင်း

ပမာဏ အပါအဝင် ငွေရေးကြေးရေးအရင်းအမြစ် ရှိ မရှိ၊

(၂) လျှောက်ထားသူသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ဆောင်ရွက်ရန် အတွက် လုံလောက်သော ဗဟုသုတနှင့် အတွေ့အကြုံ ရှိ မရှိ၊

(၃) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းသည် ဒေသလိုအပ် ချက်၊ရင်းနှီးမြှုပ်နှံသည့် ပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီမှုတို့အပါအဝင် မြန်မာနိုင်ငံ၏စီးပွားရေး လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ။

(ခ) အောက်ပါသတ်မှတ်ချက်များအနက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက ကော်မရှင်သည် ဥပဒေပုဒ်မ ၂၅အရငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ကိုငြင်းပယ်ရမည်-

(၁) လျှောက်လွှာသည် ဥပဒေ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်ကအခါအားလျော် စွာ ထုတ်ပြန်သည့် ပြဋ္ဌာန်းချက်များနှင့်မကိုက်ညီခြင်း၊

(၂) လျှောက်ထားသူသည် လိုင်စင်လျှောက်ထားခြင်း နှင့်စပ်လျဉ်း၍ ဥပဒေ ၊ ဤ နည်းဥပဒေများ၏အခြားလိုအပ်ချက်တစ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၃) လိုင်စင်အတွက် လျှောက်လွှာ သို့မဟုတ် ယင်းနှင့်ပူးတွဲ တင်ပြသည့် စာရွက် စာတမ်းများသို့မဟုတ် အီလက်ထရောနစ်မှတ်တမ်းများတွင် အရေးကြီးသော ကိစ္စရပ်များ၌ အတုအယောင်ဖော်ပြချက် သို့မဟုတ် မမှန်ကန်သော မှတ်တမ်း များ ပါဝင်ခြင်း၊

(၄) ကုမ္ပဏီတစ်ခုသည် အောက်ပါတို့အနက် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက-

(ကက) ဥပဒေပုဒ်မ ၂၃ အရ လိုင်စင်ကိုရရှိခဲ့၍ ဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းလိုင်စင်ကို ရုပ်သိမ်းခံခဲ့ရသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၊

(ခခ) ဥပဒေ ၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် မြန်မာနိုင်ငံငွေရေး ကြေးရေးအဖွဲ့အစည်းများဥပဒေသို့မဟုတ်ကော်မရှင်မှအမိန့်ကြော်ငြာ စာဖြင့်သတ်မှတ်သော အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို ဖောက် ဖျက်ခြင်းကြောင့် ငွေဒဏ်အပြစ် ချမှတ်ခံရသည့် ကုမ္ပဏီ၊

(ဂဂ) ထပ်တိုးလုပ်ငန်းသည်အများပြည်သူအကျိုးနှင့်ဆန့်ကျင်သည့်ကုမ္ပဏီ၊

(ဃဃ) ကုမ္ပဏီတစ်ခု၏အခြားလုပ်ငန်းသည်နည်းဥပဒေ၄၈၊နည်းဥပဒေခွဲ(င) အပိုဒ်(၁) တွင် သတ်မှတ်သည့် လုပ်ငန်းများအနက်တစ်ရပ်ရပ် မဟုတ် သည့် လုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးရှုံး နိုင်ခြေကို စီမံခန့်ခွဲရာတွင်အခက်အခဲများကြောင့် ရင်းနှီးမြှုပ်နှံသူများ အား အကာအကွယ်ပေးရန် အဟန့်အတားရှိ နေသည့် ကုမ္ပဏီ၊

(ငင) ကုမ္ပဏီ၏ အဓိက အစုရှယ်ယာပိုင်ရှင် လူပုဂ္ဂိုလ်များအနက်မှ နည်း ဥပဒေခွဲ (ခ) အပိုဒ် (၅) အပိုဒ်ခွဲ (က) မှ (စ) အနက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ပုဂ္ဂိုလ် ပါဝင်သည့်ကုမ္ပဏီ၊

(စစ) ကုမ္ပဏီ၏ အဓိက အစုရှယ်ယာပိုင်ရှင်ကုမ္ပဏီများအနက်မှ အောက်ပါ အချက်များနှင့်ငြိစွန်းနေသော ပုဂ္ဂိုလ်ရှိသည့် ကုမ္ပဏီ၊

(၁၁) နည်းဥပဒေခွဲ(ခ) အပိုဒ်(၄) အပိုဒ်ခွဲ(က)နှင့် ငြိစွန်းသည့်ပုဂ္ဂိုလ်၊

(၂၂) နည်းဥပဒေခွဲ(ခ)အပိုဒ်(၄) အပိုဒ်ခွဲ(ခ)တွင် သတ်မှတ်ထားသည့် ဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းကြောင့် ငွေဒဏ်အပြစ်ချမှတ်ခံရသည့် ပုဂ္ဂိုလ်။

(ဆဆ) အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှသုံးစွဲနေသည့်တူညီသော လုပ်ငန်းအမည် သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ အမည်နှင့် ခွဲခြားရန် ခက်ခဲနိုင်သည့် လုပ်ငန်းအမည်ကို သုံးစွဲရန် ကြံရွယ်သည့် ကုမ္ပဏီ၊

(ဇဇ) ဥပဒေနှင့်ညီသည်ဖြစ်စေ၊မညီသည်ဖြစ်စေလိမ်လည်လှည့်ဖြားကြောင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လျော်ကန်မှုမရှိကြောင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းသည် လက်ခံယုံကြည်ရန်မရှိကြောင်း ကော်မရှင်မှ ယူဆသည့် လုပ်ငန်းတွင် ပါဝင်နေသည့်ကုမ္ပဏီ၊

(ဈဈ)မိမိလုပ်ငန်းကိုဆောင်ရွက်ရာတွင် အရည်အချင်း ပြည့်ဝ၍ ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းအပေါ် သံသယဖြစ်ဖွယ်ရှိသည့် နည်းလမ်းဖြင့် ဆောင်ရွက်နေသည့် ကုမ္ပဏီ၊

(ညည) လူမွဲစာရင်းဝင်ဖြစ်နေသည့် ကုမ္ပဏီ၊

(ဋဋ) စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် တရားဝင်လုပ်ငန်းဖျက်သိမ်းခြင်း ပြုလုပ်နေသည့် ကုမ္ပဏီ၊

(ဌဌ) တရားရုံး၏ ဆုံးဖြတ်ချက်အရ ဇာရီပြုလုပ်ခြင်းကိုခံရာတွင် ခုခံမှု တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ငြင်းပယ်ခံရသည့် ကုမ္ပဏီ၊

(ဍဍ) ကုမ္ပဏီ၏ပိုင်ဆိုင်ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ပစ္စည်းထိန်းတစ်ဦး၊ ပစ္စည်းထိန်းနှင့် မန်နေဂျာတစ်ဦး ၊ တရားရေးဆိုင်ရာမန်နေဂျာတစ်ဦး သို့မဟုတ် အလားတူ ပုဂ္ဂိုလ်တစ်ဦး အား ခန့်အပ်ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်

(ဎဎ) ကုမ္ပဏီ၏မြီရှင်များနှင့်နှင့် ညှိနှိုင်းသဘောတူညီမှု သို့မဟုတ် ကြွေးနှင့် ပတ်သက်၍ ခွဲဝေယူမှု အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ဆဲဖြစ်သည့် ကုမ္ပဏီ။

(၅) ကုမ္ပဏီတစ်ခု၏ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လျှင်-

(ကက) သက်ကြီးရွယ်အို သို့မဟုတ် ကိုယ်တိုင်မရပ်တည်နိုင်သည့်ပုဂ္ဂိုလ်၊

(ခခ) လူမွဲအဖြစ်တရားစွဲဆိုခြင်း စတင်ရန် ဆုံးဖြတ်ချက်ကို လက်ခံရရှိသော်လည်း မူလအခွင့်အရေးများ ပြန်လည်ပေးအပ်ရန် ခွင့်ပြုချက်ကို မရရှိသေးသည့် ပုဂ္ဂိုလ်၊

(ဂဂ) အလုပ်မဲ့ ထောင်ဒဏ် သို့မဟုတ် ကြီးလေးသည့် ပြစ်ဒဏ်ကျခံရန်ချ

မှတ်ခြင်းခံရသည့် ပုဂ္ဂိုလ်၊

(ဃဃ) ကုမ္ပဏီတစ်ခုသည်ဥပဒေပုဒ်မ ၂၃ အရ လိုင်စင်ကိုရရှိခဲ့၍ ဥပဒေပါပြဋ္ဌာန်းချက်များအရ လိုင်စင်ကို ရုပ်သိမ်းခံခဲ့ရပြီး လူပုဂ္ဂိုလ်တစ်ဦး သည် လိုင်စင်ရုပ်သိမ်းခြင်းခံရသည့် နေ့မတိုင်မီ ရက် ၃၀ က ယင်းကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သူ၊

( င င ) လူပုဂ္ဂိုလ်တစ်ဦးသည် ဥပဒေ ပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါပြဋ္ဌာန်းချက်များအရယင်းလိုင်စင်ကိုရုပ်သိမ်းခြင်းခံခဲ့ရသူ၊

( စ စ ) ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရာထူးမှ ထုတ်ပစ်ရန် သို့မဟုတ် ထုတ်ပယ်ရန်ညွှန်ကြားခြင်းခံရသည့်လျှောက်ထားသူ၏ ဒါရိုက်တာသို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်။

၇၄။ ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) အရ ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် လိုအပ်သည့် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းသည် ပုဂ္ဂိုလ်တစ်ဦးမှ အခြားပုဂ္ဂိုလ်တစ်ဦးသို့ ယင်းတို့ အကြားတွင်ရှိသော ပဋိညာဉ်တစ်ရပ် သို့မဟုတ် သဘောတူညီမှုတစ်ရပ်အရ အခကြေးငွေ ရယူပြီး ငွေချေးသက်သေခံလက်မှတ်များ၏ တန်ဖိုးဆိုင်ရာ ဆန်းစစ်လေ့လာသုံးသပ်ချက်အား အခြေခံ၍ ငွေချေးသက်သေခံလက်မှတ်များ၏ တန်ဖိုး သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက် များအတွက် နှုတ်အားဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသားခြင်းဖြင့်ဖြစ်စေ၊ အခြားသောနည်းလမ်းဖြင့် ဖြစ်စေ ရင်းနှီးမြှုပ်နှံမှု အကြံဉာဏ်ပေးခြင်း ဖြစ်သည်။ စာဖြင့် ရေးသားသည့် အကြံဉာဏ် ပေးခြင်းတွင် လူအများ နှင့် လူပုဂ္ဂိုလ် သတ်မှတ်ချက် မရှိသည့် ပုဂ္ဂိုလ်များသို့ ရောင်းချရန် ထုတ်ဝေ၍ ယင်းပုဂ္ဂိုလ်များက လိုအပ်သလို ဝယ်ယူနိုင်သည့် သတင်းစာ ၊ မဂ္ဂဇင်း ၊ စာအုပ် သို့မဟုတ် အခြားအရာများ ပါဝင်ခြင်းမရှိပါ။ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ဆိုသည်မှာ ရင်းနှီး မြှုပ်နှံမည့် ငွေချေးသက်သေခံလက်မှတ် အမျိုးအစား ၊ ထုတ်ဝေမှု ၊ တန်ဖိုး သို့မဟုတ် ဈေးနှုန်း များနှင့် ငွေချေးသက်သေခံလက်မှတ်များကို မည်သည့်အချိန်တွင် မည်သည့် နည်းလမ်းဖြင့် ဝယ်ယူသင့်ကြောင်း သို့မဟုတ် ရောင်းချသင့်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်သည်။

၇၅။ (က) ဥပဒေပုဒ်မ ၂၅ တွင်ပါဝင်သောလိုင်စင်အမျိုးအစားတစ်ရပ်ရပ်ကို ရရှိသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် လုပ်ကိုင်နိုင်သည်။

(ခ ) ပေးရန်တာဝန်ကို အစုရှယ်ယာဖြင့်ကန့်သတ်ထား၍ ဤအခန်းတွင် ဖော်ပြပါရှိသော အရည်အချင်းနှင့် စည်းကမ်းချက်များနှင့် ကိုက်ညီသည့် ပေးရန်တာဝန် ကန့်သတ်ထားသော ကုမ္ပဏီတစ်ခုသည် ဤအခန်းအရ ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ရရှိရန် ကော်မရှင်သို့ လျှောက်ထားနိုင်သည်။

(ဂ ) ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းအတွက် လျှောက်လွှာ ကို ရရှိသောအခါ ဤအခန်းတွင်ဖော်ပြပါရှိသည့် အရည်အချင်းနှင့် စည်းကမ်းချက် များနှင့် ကိုက်ညီခြင်း ရှိ မရှိ ကို လေ့လာစိစစ်ပြီးနောက် ယင်းလျှောက်လွှာအား လိုင်စင်ထုတ်ပေးခြင်းကို ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

(ဃ) ကော်မရှင်သည် နည်းဥပဒေခွဲ(ဂ)အရ လိုင်စင်ကိုထုတ်ပေးမည်ဆိုပါက စည်းကမ်း ချက်များကို ပြဋ္ဌာန်း၍ လိုင်စင်ကိုထုတ်ပေးရမည်။

၇၆။ (က) ကုမ္ပဏီတစ်ခုသည် ဥပဒေ ပုဒ်မ ၂၆ ၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် ငွေချေး သက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်း လိုင်စင် သို့မဟုတ် နည်းဥပဒေ ၇၅၊ နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်တစ်ခုကို ရယူလိုပါက အောက်ပါအချက် အလက်များပါဝင်သည့်လိုင်စင်အတွက်လျှောက်လွှာကိုစာဖြင့်ရေးသား၍ကော်မရှင်သို့ တင်ပြရမည်-

(၁) အမည် သို့မဟုတ် လုပ်ငန်းအမည်၊

(၂) ထည့်ဝင်ပြီးမတည်ငွေရင်းပမာဏ၊

(၃) ရုံးချုပ်နှင့် ရုံးခွဲများအပါအဝင် ရုံးများ၏ တည်နေရာ၊

(၄) လျှောက်ထားသူ၏ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ အမည် ၊ ပညာ အရည်အချင်း ၊ အတွေ့အကြုံ၊

(၅) စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာဆောင်ရွက်ရေးအရာရှိများ၏ အမည်၊ ပညာ အရည်အချင်း၊ အတွေ့အကြုံ၊

(၆) ကုမ္ပဏီ၏ အခြားလုပ်ငန်းအမျိုးအစား (ရှိခဲ့လျှင်)၊

(၇) ကော်မရှင်မှ သတ်မှတ်ထားသည့် အချက်အလက်များ။

(ခ ) နည်းဥပဒေခွဲ (က)နှင့်အညီ လိုင်စင်လျှောက်လွှာတွင်အောက်ပါစာရွက်စာတမ်းများ ကို ပူးတွဲရမည်-

(၁) လျှောက်ထားသူသည် နည်းဥပဒေ ၇၇ ၊ နည်းဥပဒေခွဲ(ခ)တွင် ဖော်ပြထားချက် များနှင့် ကိုက်ညီမှုမရှိကြောင်း စာဖြင့်ရေးသားထားသည့် ဝန်ခံချက်၊

(၂) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၊

(၃) လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်းများကိုဖော်ပြသည့်စာရွက်စာတမ်းတစ်ရပ်၊

(၄) ကော်မရှင်မှ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ။

(ဂ ) ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင်တစ်ခုကို ရယူလိုသည့် လူပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါ အချက်အလက်များ ပါဝင်သည့် လိုင်စင်အတွက် လျှောက်လွှာကို စာဖြင့်ရေးသား၍ ကော်မရှင်သို့ တင်ပြရမည်-

(၁) အမည်၊ ပညာအရည်အချင်း၊ အတွေ့အကြုံ၊

(၂) ရုံးချုပ်နှင့် ရုံးခွဲများအပါအဝင် ရုံးများ၏ တည်နေရာ၊

(၃) လျှောက်ထားသူ၏ အခြားလုပ်ငန်းအမျိုးအစား (ရှိခဲ့လျှင်)၊

(၄) ကော်မရှင်မှသတ်မှတ်ထားသည့် အချက်အလက်များ။

(ဃ) နည်းဥပဒေခွဲ (ဂ)နှင့်အညီ လိုင်စင်လျှောက်လွှာတွင် အောက်ပါ စာရွက်စာတမ်းများကို ပူးတွဲရမည်-

(၁) လျှောက်ထားသူသည် နည်းဥပဒေ ၇၇၊ နည်းဥပဒေခွဲ(ခ)တွင်ဖော်ပြထားချက် များနှင့် ကိုက်ညီမှုမရှိကြောင်း စာဖြင့်ရေးသားထားသည့် ဝန်ခံချက်၊

(၂) လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်းများကိုဖော်ပြသည့်စာရွက်စာတမ်း တစ်ရပ်၊

(၃) ကော်မရှင်မှ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ။

၇၇။ (က) ကော်မရှင်သည် ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ (ခ) အရ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် သို့မဟုတ် နည်းဥပဒေ ၇၅၊ နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်ကို လျှောက်ထားတင်ပြရာတွင် လျှောက်ထားသူတွင် ငွေချေး သက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းသို့မဟုတ် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများကို ကိစ္စရပ်အလိုက် မျှတစွာနှင့် လျော်ကန်စွာဆောင်ရွက်နိုင်ရန် ဗဟုသုတနှင့်အတွေ့အကြုံ ရှိ မရှိ ကို စစ်ဆေးခြင်း ပြုရမည်။

(ခ ) အောက်ပါသတ်မှတ်ချက်များအနက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက ကော်မရှင်သည် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ)အရ ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် သို့မဟုတ် နည်းဥပဒေ ၇၅ ၊ နည်းဥပဒေခွဲ(ခ) တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း လိုင်စင်ကို ငြင်းပယ်ရမည်-

(၁) လျှောက်လွှာသည်ဥပဒေ၊ ဤနည်းဥပဒေများနှင့်ကော်မရှင်ကအခါအားလျော်စွာ ထုတ်ပြန်သည့် ပြဋ္ဌာန်းချက်များနှင့်မကိုက်ညီခြင်း၊

(၂) လျှောက်ထားသူသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဥပဒေ ၊ ဤ နည်းဥပဒေများ၏ လိုအပ်ချက်တစ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၃) လိုင်စင်အတွက် လျှောက်လွှာ သို့မဟုတ် ယင်းနှင့် ပူးတွဲတင်ပြသည့် စာရွက် စာတမ်းများ သို့မဟုတ် အီလက်ထရောနစ်မှတ်တမ်းများတွင် အရေးကြီးသော ကိစ္စရပ်များ၌ အတုအယောင်ဖော်ပြချက် သို့မဟုတ် မမှန်ကန်သော မှတ်တမ်း များ ပါဝင်ခြင်း၊

(၄) ကုမ္ပဏီတစ်ခုသည် အောက်ပါတို့အနက် အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းပါက-

(ကက) ဥပဒေ ပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းလိုင်စင်ကို ရုပ်သိမ်းခံခဲ့ရသည့် ကုမ္ပဏီ၊

(ခ ခ) ဥပဒေ ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေသို့မဟုတ်ကော်မရှင်မှအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သော အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းကြောင့် ငွေဒဏ်အပြစ်ချမှတ်ခံရသည့် ကုမ္ပဏီ၊

(ဂ ဂ) ထပ်တိုးလုပ်ငန်းသည်အများပြည်သူအကျိုးနှင့်ဆန့်ကျင်သည့်ကုမ္ပဏီ၊

(ဃဃ) မျှတ၍ အရည်အချင်းပြည့်ဝသော နည်းလမ်းဖြင့် လိုင်စင်ရရှိသည့် လုပ်ငန်းကိုဆောင်ရွက်ရန် လုံလောက်သောဗဟုသုတနှင့်အတွေ့အကြုံမရှိသော ကုမ္ပဏီ၊

(င င) ဥပဒေနှင့်ညီသည်ဖြစ်စေ၊မညီသည်ဖြစ်စေလိမ်လည်လှည့်ဖြားကြောင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လျော်ကန်မှုမရှိကြောင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းသည်လက်ခံယုံကြည်ရန်မရှိကြောင်း ကော်မရှင်မှ ယူဆသည့်လုပ်ငန်းတွင် ပါဝင်နေသည့်ကုမ္ပဏီ၊

(စ စ) မိမိလုပ်ငန်းကိုဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝ၍ ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းအပေါ် သံသယဖြစ်ဖွယ်ရှိသည့် နည်းလမ်းဖြင့် ဆောင်ရွက်နေသည့် ကုမ္ပဏီ၊

(ဆဆ) လူမွဲစာရင်းဝင်ဖြစ်နေသည့် ကုမ္ပဏီ၊

(ဇ ဇ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် တရားဝင်လုပ်ငန်းဖျက်သိမ်းခြင်း ပြုလုပ်နေသည့် ကုမ္ပဏီ၊

(ဈ ဈ)တရားရုံး၏ဆုံးဖြတ်ချက်အရဇာရီပြုလုပ်ခြင်းကိုခုခံရာတွင်ခုခံမှုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ငြင်းပယ်ခံရသည့် ကုမ္ပဏီ၊

(ည ည) ကုမ္ပဏီ၏ပိုင်ဆိုင်ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ပစ္စည်းထိန်းတစ်ဦး၊ ပစ္စည်းထိန်းနှင့် မန်နေဂျာတစ်ဦး၊ တရားရေးဆိုင်ရာ မန်နေဂျာတစ်ဦး သို့မဟုတ် အလားတူ ပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်ထားသည့် ကုမ္ပဏီ၊

(ဋ ဋ) ကုမ္ပဏီ၏ မြီရှင်များနှင့် ညှိနှိုင်းသဘောတူညီမှု သို့မဟုတ် ကြွေးနှင့်ပတ်သက်၍ ခွဲဝေယူမှုအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ဆဲဖြစ်သည့် ကုမ္ပဏီ၊

(ဂ) လူပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါတို့အနက်အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းပါက-

(ကက) ဥပဒေပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါပြဋ္ဌာန်းချက်များအရ လိုင်စင်ကို ရုပ်သိမ်းခံရသည့်ပုဂ္ဂိုလ်၊

(ခ ခ) ဥပဒေ ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေသို့မဟုတ်ကော်မရှင်မှအမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သောအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းကြောင့် ငွေဒဏ်အပြစ်ချမှတ်ခံရသည့် ပုဂ္ဂိုလ်၊

(ဂ ဂ) ထပ်တိုးလုပ်ငန်းသည်အများပြည်သူအကျိုးနှင့်ဆန့်ကျင်သည့်ပုဂ္ဂိုလ်၊

(ဃဃ) လုပ်ငန်းအတွက်စပေါ်ငွေ တင်သွင်းထားခြင်း မရှိသော ပုဂ္ဂိုလ်၊

( င င ) မျှတ၍ အရည်အချင်းပြည့်ဝသော နည်းလမ်းဖြင့် လိုင်စင်ရရှိသည့် လုပ်ငန်းကိုဆောင်ရွက်ရန်လုံလောက်သောဗဟုသုတနှင့် အတွေ့အကြုံ မရှိသော ပုဂ္ဂိုလ်၊

( စ စ ) ဥပဒေနှင့်ညီသည်ဖြစ်စေ၊မညီသည်ဖြစ်စေလိမ်လည်လှည့်ဖြားကြောင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လျော့ကန်မှုမရှိကြောင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်း သည်လက်ခံယုံကြည်ရန်မရှိကြောင်း ကော်မရှင်မှယူဆသည့် လုပ်ငန်း တွင် ပါဝင်နေသည့် ပုဂ္ဂိုလ်၊

(ဆဆ) မိမိလုပ်ငန်းကို ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝ၍ ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းအပေါ် သံသယဖြစ်ဖွယ်ရှိသည့် နည်းလမ်း ဖြင့် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်။

(ဖ) ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) အရ လိုင်စင်လျှောက်ထားသည့် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) အရ သော်လည်းကောင်း သို့မဟုတ် နည်းဥပဒေ ၇၅ ၊ နည်းဥပဒေခွဲ(ခ)အရ သော်လည်းကောင်း လိုင်စင်လျှောက် ထားသည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်များအနက် တစ်ဦးဦးသည်အောက်တွင်ဖော်ပြထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လျှင်-

(ကက) သက်ကြီးရွယ်အို သို့မဟုတ် ကိုယ်တိုင်မရပ်တည်နိုင်သည့်ပုဂ္ဂိုလ်၊

( ခ ခ ) လူမွဲအဖြစ် တရားစွဲဆိုခြင်း စတင်ရန် ဆုံးဖြတ်ချက်ကို လက်ခံရရှိ သော်လည်း မူလအခွင့်အရေးများ ပြန်လည်ပေးအပ်ရန် ခွင့်ပြုချက်ကို မရရှိသေးသည့် ပုဂ္ဂိုလ်၊

( ဂ ဂ ) အလုပ်မဲ့ထောင်ဒဏ်သို့မဟုတ် ကြီးလေးသည့် ပြစ်ဒဏ်ကျခံရန်ချမှတ် ခြင်းခံရသည့် ပုဂ္ဂိုလ်၊

(ဃဃ) ကုမ္ပဏီတစ်ခုသည် ဥပဒေ ပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါ ပြဋ္ဌာန်းချက်များအရလိုင်စင်ကိုရုပ်သိမ်းခံခဲ့ရပြီးလူပုဂ္ဂိုလ်တစ်ဦးသည် လိုင်စင်ရုပ်သိမ်းခြင်းခံရသည့် နေ့မတိုင်မီ ရက် ၃၀က ယင်းကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သူ၊

( င င ) လူပုဂ္ဂိုလ်တစ်ဦးသည် ဥပဒေ ပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါပြဋ္ဌာန်းချက်များအရယင်းလိုင်စင်ကိုရုပ်သိမ်းခြင်းခံခဲ့ရသူ၊

( စ စ ) ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရာထူးမှ ထုတ်ပစ်ရန် သို့မဟုတ် ထုတ်ပယ်ရန်ညွှန်ကြားခြင်းခံရသည့် လျှောက်ထားသူ၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်။

၇၈။ (က) ဥပဒေ ပုဒ်မ ၂၇ တွင် ဖော်ပြထားသည့် လုပ်ငန်းလိုင်စင်တစ်ခုကို ယူလိုသော ပုဂ္ဂိုလ် တစ်ဦးသည်အောက်ပါအချက်အလက်များပါဝင်သည့်လိုင်စင်အတွက် လျှောက်လွှာ

ကို စာဖြင့်ရေးသား၍ ကော်မရှင်သို့ တင်ပြရမည်-

(၁) အမည်၊

(၂) မွေးသက္ကရာဇ်၊

(၃) ကိုယ်စားလှယ်တစ်ဦးအဖြစ် အသက်မွေးမှုမှတ်တမ်း၊

(၄) ၎င်းကိုယ်စားပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏အမည်။

(ခ) အောက်ပါစာရွက်စာတမ်းများကိုနည်းဥပဒေခွဲ(က)နှင့်အညီ လိုင်စင်လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်-

(၁) ကိုယ်ရေးအချက်အလက်များ၊

(၂) လျှောက်ထားသူသည် နည်းဥပဒေ ၇၉၊ နည်းဥပဒေခွဲ (ခ)တွင် ဖော်ပြထားချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စာဖြင့်ရေးသားထားသည့် ဝန်ခံချက်၊

(၃) ကော်မရှင်မှ အတည်ပြုသည့် စာမေးပွဲအောင်မြင်ကြောင်း အထောက်အထားလက်မှတ်၊

(၄) ကော်မရှင်မှသတ်မှတ်ထားသည့် စာရွက်စာတမ်းများ၊

(၅) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုမှထောက်ခံချက်။

(ဂ) လျှောက်ထားသူသည် နည်းဥပဒေခွဲ (ခ) အပိုဒ် (၃)တွင် ဖော်ပြထားသည်နှင့် ညီမျှသော နိုင်ငံခြားတိုင်းပြည်တစ်ခု၏ စာမေးပွဲတစ်ရပ်ကို အောင်မြင်ပြီးဖြစ်ပါက အဆိုပါ အချက်ကို ကျင့်သုံးခြင်းမပြုရ။ သို့ရာတွင် လျှောက်ထားသူသည် ၎င်းမှ အဆိုပါစာမေးပွဲကိုအောင်မြင်ခဲ့ကြောင်း အထောက်အထားကိုလျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြရမည်။

၇၉။ (က) ကော်မရှင်သည် ဥပဒေပုဒ်မ ၂၇ အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်း လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသူတွင် မျှတစွာနှင့် လျော်ကန်စွာ ငွေချေးသက်သေခံလက်မှတ်ကိုယ်စားလှယ်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ဗဟုသုတနှင့် အတွေ့အကြုံ ရှိ မရှိ ကို စစ်ဆေးခြင်းပြုရမည်။

(ခ) အောက်ပါ အရည်အချင်းမပြည့်မီသည့် သတ်မှတ်ချက်များအနက် တစ်ရပ်ရပ်ကို ကျင့်သုံးပါကကော်မရှင်သည် ဥပဒေပုဒ်မ ၂၇ အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ခုအတွက် လိုင်စင်ခွင့်ပြုခြင်းကို ငြင်းပယ်ရမည်-

(၁) လျှောက်လွှာသည်ဥပဒေ၊ဤနည်းဥပဒေများနှင့်ကော်မရှင်ကအခါအားလျော်စွာ ထုတ်ပြန်သည့် ပြဋ္ဌာန်းချက်များနှင့်မကိုက်ညီခြင်း၊

(၂) လျှောက်ထားသူသည် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဥပဒေ ၊ ဤ နည်းဥပဒေများ၏ လိုအပ်ချက်တစ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၃) လိုင်စင်အတွက်လျှောက်လွှာ သို့မဟုတ် ယင်းနှင့် ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ သို့မဟုတ် အီလက်ထရောနစ် မှတ်တမ်းများတွင် အရေးကြီးသောကိစ္စရပ်များ၌ အတုအယောင်ဖော်ပြချက် သို့မဟုတ် မမှန်ကန်သော မှတ်တမ်း

များ ပါဝင်ခြင်း၊

(၄) လူပုဂ္ဂိုလ်တစ်ဦးသည်အောက်တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်ခြင်း၊

(ကက) သက်ကြီးရွယ်အို သို့မဟုတ် ကိုယ်တိုင်မရပ်တည်နိုင်သည့်ပုဂ္ဂိုလ်၊

(ခခ) လူမွဲအဖြစ်တရားစွဲဆိုခြင်း စတင်ရန် ဆုံးဖြတ်ချက်ကို လက်ခံရရှိသော်လည်း မူလအခွင့်အရေးများ ပြန်လည်ပေးအပ်ရန် ခွင့်ပြုချက်ကို မရရှိသေးသည့် ပုဂ္ဂိုလ်၊

(ဂဂ) အလုပ်မဲ့ထောင်ဒဏ် သို့မဟုတ် ကြီးလေးသည့်ပြစ်ဒဏ်ကျခံရန်ချမှတ်ခြင်းခံရသည့် ပုဂ္ဂိုလ်၊

(ဃဃ) ကုမ္ပဏီတစ်ခုသည် ဥပဒေပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါ ပြဋ္ဌာန်းချက်များအရလိုင်စင်ကိုရုပ်သိမ်းခံခဲ့ရပြီးလူပုဂ္ဂိုလ်တစ်ဦးသည် လိုင်စင်ရုပ်သိမ်းခြင်းခံရသည့်နေ့မတိုင်မီ ရက် ၃၀ က ယင်းကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သူ၊

(ငင) လူပုဂ္ဂိုလ်တစ်ဦးသည် ဥပဒေပုဒ်မ ၂၃ အရ လိုင်စင်ကို ရရှိခဲ့၍ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းလိုင်စင်ကို ရုပ်သိမ်းခြင်းခံခဲ့ရသူ၊

(စစ) ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရာထူးမှ ထုတ်ပစ်ရန် သို့မဟုတ် ထုတ်ပယ်ရန် ညွှန်ကြားခြင်းခံရသည့် လျှောက်ထားသူ၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်၊

(ဆဆ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ် လုပ်ငန်း လိုင်စင် ရုပ်သိမ်းခံရသည့်ပုဂ္ဂိုလ်၊

(ဇဇ) အခြားငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်ကို ခွင့်ပြုပေးထားသည့် ပုဂ္ဂိုလ်၊

(ဈဈ) ဥပဒေနှင့်ညီသည်ဖြစ်စေ၊မညီသည်ဖြစ်စေလိမ်လည်လှည့်ဖြားကြောင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လျော်ကန်မှုမရှိကြောင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းသည် လက်ခံယုံကြည်ရန်မရှိကြောင်းကော်မရှင်မှယူဆသည့် လုပ်ငန်းတွင်ပါဝင်နေသည့်ပုဂ္ဂိုလ်၊

(ညည) မိမိလုပ်ငန်းကို ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝ၍ ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းအပေါ် သံသယဖြစ်ဖွယ်ရှိသည့် နည်းလမ်းဖြင့် ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်။

(၅) လူပုဂ္ဂိုလ်တစ်ဦးသည်ရရှိသည့် လိုင်စင်နှင့်ဆက်နွယ်၍ ဆောင်ရွက်နိုင်ဖွယ်ရှိသည့် တာဝန်များ၏ သဘောသဘာဝအရ ယင်း၏ ယခင် စွမ်းဆောင်နိုင်မှုမှတ်တမ်းသို့မဟုတ်လုပ်ငန်းကျွမ်းကျင်မှုမှတ်တမ်းအရ ကော်မရှင်ကကျေနပ်မှုမရှိသောသူဖြစ်ခြင်း၊

(၆) လျှောက်ထားသူသို့မဟုတ်ယင်း၏လုပ်ငန်းကိစ္စရပ်အတွက် ဆောင်ရွက်ပေးသူ

သို့မဟုတ် ယင်းနှင့်ပတ်သက်သောတစ်ဦးဦးသည် မလျော်ကန်သောလုပ်ငန်း ဆောင်ရွက်မှုသို့ ဦးတည်နိုင်သည့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်သည့် နည်းလမ်းတွင်လက်ခံယုံကြည်ရန်မရှိကြောင်းဂုဏ်သိက္ခာမရှိမှုကို ထင်ဟပ်စေသည့် အခြားအခြေအနေများရှိခြင်း၊

(၇) လျှောက်ထားသူသည် စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ရမှုများကို စွမ်းရည်ပြည့်ဝစွာ၊ ရိုးသားစွာ သို့မဟုတ် မျှတစွာ ဆောင်ရွက်မည်မဟုတ်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၈) ကော်မရှင်က လိုင်စင်ကိုထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးခြင်းသည် အများပြည်သူအကျိုးနှင့် ဆန့်ကျင်သည်ဟု ထင်မြင်ယူဆခြင်း၊

(၉) လူပုဂ္ဂိုလ်တစ်ဦးသည်ရရှိသည့် လိုင်စင်နှင့်ဆက်နွယ်၍ ဆောင်ရွက်ရန်ရှိသည့် တာဝန်များ၏သဘောသဘာဝအရယင်း၏ပညာရေးအခြေခံ သို့မဟုတ်အခြားအရည်အချင်းသို့မဟုတ်အတွေ့အကြုံအပေါ် ကော်မရှင်ကကျေနပ်မှုမရှိသောသူဖြစ်ခြင်း၊

(၁၀)လျှောက်ထားသူသည်ကော်မရှင်မှအတည်ပြုသော စာမေးပွဲကို မအောင်မြင်သူဖြစ်ခြင်း။

(ဂ ) လျှောက်ထားသူသည်ဥပဒေပုဒ်မ ၂၇ တွင်ဖော်ပြထားသည့်လုပ်ငန်းလိုင်စင်အတွက် နည်းဥပဒေခွဲ(ခ)၊ အပိုဒ်(၁၀)တွင်ဖော်ပြထားသည့် စာမေးပွဲနှင့်ညီမျှသော နိုင်ငံခြားတိုင်းပြည်တစ်ခု၏စာမေးပွဲတစ်ခုကိုအောင်မြင်ပြီးပါကအပိုဒ်ခွဲ (၁၀) ကို ကျင့်သုံးခြင်းမပြုရ။ သို့ရာတွင် လျှောက်ထားသူသည် အဆိုပါစာမေးပွဲကို အောင်မြင်ခဲ့ကြောင်း အထောက်အထားကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၈၀။ (က) ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) သို့မဟုတ်နည်းဥပဒေ ၇၅၊ နည်းဥပဒေခွဲ (ခ)တွင်ဖော်ပြထားသည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ်လိုင်စင်ရရှိသူ၏လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းကို ဖော်ပြသည့် စာရွက်စာတမ်းတွင် အောက်ပါ အချက်များ ပါဝင်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်သည့် အခြေခံစည်းမျဉ်းများ၊

(၂) လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများ၊

(၃) လုပ်ငန်းခွဲဝေမှု နည်းလမ်းများ၊

(၄) တိုင်ကြားမှုများဖြေရှင်းရန် ဖွဲ့စည်းထားရှိမှု၊

(၅) ဆောင်ရွက်ပေးသည့်ငွေချေးသက်သေခံလက်မှတ်အမျိုးအစားများ(လိုအပ်လျှင်)၊

(၆) ရောင်းဝယ်ခြင်းနှင့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ဆုံးရှုံးမှုအန္တရာယ်ကိုထိန်းချုပ်သည့်နည်းလမ်းများ(လိုအပ်လျှင်)၊

(၇) တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်း၏ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ အမည် (လိုအပ်လျှင်)၊

(၈) တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် တာဝန်ယူနိုင်သည့် အမြင့်ဆုံး ဆုံးရှုံးမှု၊

(၉) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ပိုင်ဆိုင်ပစ္စည်းများကို ခွဲခြား၍ စီမံခန့်ခွဲမှုနည်းလမ်းများ (လိုအပ်လျှင်)၊

(၁၀)ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းသို့မဟုတ် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းလုပ်ငန်း၏ အကြောင်းအရာနှင့် နည်းလမ်းများ (လိုအပ်လျှင်)၊

(၁၁)ကုမ္ပဏီအုပ်စုအတွင်း အကျိုးစီးပွားဆန့်ကျင်မှုကို စီမံအုပ်ချုပ်ခြင်းအတွက် ဖွဲ့စည်းထားရှိမှု (လိုအပ်လျှင်)၊

(၁၂)အခြားလုပ်ငန်းများနှင့်ဆက်စပ်၍အကျိုးစီးပွားဆန့်ကျင်မှုကိုစီမံအုပ်ချုပ်ခြင်း အတွက် ဖွဲ့စည်းထားရှိမှု (လိုအပ်လျှင်)။

(ခ ) ဤနည်းဥပဒေများတွင်ဖော်ပြထားသည့်ခွဲခြား၍စီမံခန့်ခွဲမှုဆိုသည်မှာ နည်းဥပဒေ ၆၈ ၊ နည်းဥပဒေခွဲ (ဌ) နှင့် နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ (ခ) အပိုဒ် (၁) တို့အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်ဆက်နွယ်၍ အပ်နှံထားသည့် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ရရန်ပိုင်ခွင့်ကို လုပ်ငန်းပိုင်ပစ္စည်း သို့မဟုတ် မိမိ ကိုယ်ပိုင်ပစ္စည်းနှင့်အခြားလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ရရန်ပိုင်ခွင့် များနှင့် ခွဲခြား၍ စီမံခန့်ခွဲခြင်း။

၈၁။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ဈေးကွက် အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက် ရေးကို တိုးမြှင့်ရန်လိုအပ်ပါက လိုင်စင်ရရှိသူက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆောင် ရွက်ရာတွင် လိုက်နာရန် လိုအပ်သည့် စည်းကမ်းချက်များကို သတ်မှတ်ခွင့်ရှိသည်။

၈၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင် ရရှိသူသည် ကော်မရှင်၏အတည်ပြုချက်ဖြင့်သာ ရုံးခွဲတစ်ခုကို တည်ထောင်နိုင်သည်။ အတည်ပြုချက်ရရှိရန် ယင်းသို့လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်းများသည် ဤနည်းဥပဒေများ နှင့် ကော်မရှင်မှ သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၈၃။ ကော်မရှင်သည် နည်းဥပဒေ ၇၅၊ နည်းဥပဒေခွဲ(ခ)တွင်ဖော်ပြပါရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း လိုင်စင်ရရှိသူအား ထားရှိရမည့် အနည်းဆုံး ထည့်ဝင်ပြီး မတည် ငွေရင်းကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၈၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင် ရရှိသူသည် နည်းဥပဒေခွဲ (က)နှင့် (ခ)ပါ ကိစ္စရပ်များအတွက် နည်းဥပဒေ ၇၅ ၊ နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြပါရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း လိုင်စင် ရရှိထားပါက-

(က) ကော်မရှင်၏အတည်ပြုချက် မရရှိဘဲ ယင်း၏မတည်ငွေရင်းကိုလျှော့ချခြင်းမပြုရ၊

(ခ) လိုင်စင်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်း ဆိုင်ရာလုပ်ငန်းနှင့် အောက်ပါ လုပ်ငန်းများတွင်ပါဝင်သော လုပ်ငန်းများမှအပ လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင် ပတ်သက်ခြင်းမပြုရ ၊

(၁) ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ ကော်မရှင်မှ သတ်မှတ်သည့် လိုအပ်ချက်များဖြင့် ဆောင်ရွက်ရမည်ဖြစ်သော်လည်းကော်မရှင်၏သဘောတူညီချက်မရှိဘဲဆောင် ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း၏ အောက်ဖော်ပြပါ ဆက်နွယ်သောလုပ်ငန်းများ၊

(ကက) ငွေချေးသက်သေခံလက်မှတ်များကို ယာယီ လက်ဝယ်ရယူခြင်း သို့မဟုတ် ယာယီထုတ်ပေးခြင်း သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များကို ယာယီလက်ဝယ်ရယူခြင်း သို့မဟုတ် ယာယီထုတ် ပေးခြင်းနှင့် ဆက်နွယ်၍ ကြားခံ သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခြင်း၊

(ခခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများထံမှအပ်နှံထားသည့်ငွေချေး သက်သေခံလက်မှတ်များကို အာမခံပစ္စည်းအဖြစ် ထားရှိ၍ ငွေထုတ် ချေးခြင်း၊

(ဂဂ) ငွေချေးသက်သေခံလက်မှတ်များနှင့်ပတ်သက်၍ လုပ်ငန်းနှင့် ဆက် သွယ်ဆောင်ရွက်သူများအတွက်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း၊

(ဃဃ) ငွေချေးသက်သေခံလက်မှတ်များနှင့် ပတ်သက်၍ သတင်းအချက် အလက်များ သို့မဟုတ် အကြံဉာဏ်ပေးခြင်း၊

(ငင) ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်နေသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသို့မဟုတ် အခြားလိုင်စင် ရရှိသူတစ်ဦးဦးအတွက်ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်း ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(စစ) ကုမ္ပဏီဖွဲ့စည်းမှုပုံသဏ္ဌာန် ပြောင်းလဲခြင်း ၊ ပြောင်းလဲဖွဲ့စည်းခြင်း ၊ ပြန်လည်ဖွဲ့စည်းခြင်းများတွင် အကြံဉာဏ်ပေးခြင်း၊

(ဆဆ) အချက်ခွဲ"စစ"တွင် မပါဝင်သည့်လုပ်ငန်း သို့မဟုတ် စီမံခန့်ခွဲမှုအပေါ် အကြံဉာဏ်ပေးခြင်း၊

(ဇဇ) ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် ပြဋ္ဌာန်းသည့်ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းနှင့်ဆက်နွယ် သည့် အခြားလုပ်ငန်းများ။

(၂) ကော်မရှင်ထံမှ ကြိုတင် အတည်ပြုချက်တစ်ရပ်ကို ရယူ ဆောင်ရွက်ရသည့် အခြားသော လုပ်ငန်းတစ်ရပ်ရပ်။

(ဂ) ကော်မရှင်၏ အတည်ပြုချက်မရှိဘဲလိုင်စင်ရရှိသူ၏ ရုံးချုပ် သို့မဟုတ် ရုံးခွဲများကို နေရာပြောင်းရွှေ့ခြင်းမပြုရ၊

(ဃ) ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိပါက မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်းမပြုရ။

၈၅။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည်-

(က) နည်းဥပဒေ ၈၆ မှ ၈၉ နှင့်အညီ လုပ်ငန်း၏ ရောင်းဝယ်မှုနှင့် ငွေရေးကြေးရေး အခြေအနေများကိုလုံလောက်စွာ ရှင်းပြသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်ပတ်သက်သည့်အဆိုပါစာရင်းနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ပြုစုထားရှိရန်ဖြစ်သော အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းများကို မှန်ကန်ပြီးမျှတမှုရှိအောင် ထိန်းသိမ်းထားရှိရမည်။

(ခ ) အဆိုပါစာရင်းမှတ်တမ်းများနှင့်စာရင်းစာအုပ်များကိုစာရင်းစစ်ဆေးခြင်းပြုနိုင်ရန် ထိန်းသိမ်းထားရှိရမည်။

(ဂ) ကုမ္ပဏီတစ်ခုဖြစ်ပါကစာရင်းစစ်အစီရင်ခံစာကို နည်းဥပဒေ ၉၀နှင့်အညီကော်မရှင်သို့ တင်ပြရမည်။

(ဃ) လုပ်ငန်းအစီရင်ခံစာကို နည်းဥပဒေ ၉၂ နှင့်အညီ ကော်မရှင်သို့တင်ပြရမည်။

၈၆။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့မဟုတ်ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည် အောက်ပါစာရင်းနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်-

(၁) အရောင်း (သို့မဟုတ်) အဝယ် အမှာစာများ၊

(၂) ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်သည့်နေ့မှတ်တမ်းများ၊

(၃) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏စာရင်းများ၊

(၄) ငွေချေးသက်သေခံလက်မှတ်အရေအတွက်မှတ်တမ်းများ၊

(၅) သီးခြားစီထိန်းသိမ်းထားသော စာရင်းများကို စာရင်းစစ်ခြင်း၏ ရလဒ်များနှင့်ပတ်သက်သော မှတ်တမ်းများ (ရှိလျှင်)၊

(၆) ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်များ၏အသေးစိပ်ရေးသားဖော်ပြချက်များ၊

(၇) ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းနှင့်ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းများ၏ အသေးစိပ်ရေးသားဖော်ပြချက်များ။

(ခ) သက်ဆိုင်သည့်စာရင်းနှင့်မှတ်တမ်းများတွင် အောက်ပါသတင်းအချက်အလက်များ သင့်လျော်သလို ပါဝင်ရမည်-

(၁) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏အမည်၊ယင်းကိုယ်စားလုပ်ငန်းဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်၊

(၂) ဝယ်သည့် သို့မဟုတ် ရောင်းသည့် တန်ဖိုး၊

(၃) ရောင်းဝယ်သည့် နေ့နှင့်အချိန်၊

(၄) ရောင်းဝယ်သည့်ဈေးနှုန်း၊

(၅) ရောင်းဝယ်မှုကိုဆောင်ရွက်သည့်တစ်ဦးချင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ။

၈၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည် နည်းဥပဒေ ၈၆ တွင် သတ်မှတ်သည့် စာရင်းနှင့် မှတ်တမ်းများအား ယင်းတို့ကို ပြုစုထားရှိသည့် နေ့မှ (၁၀) နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

၈၈။ နည်းဥပဒေ ၈၆ တွင် ဖော်ပြပါရှိသော စာရင်းနှင့် မှတ်တမ်းများကို ကော်မရှင်မှ ထုတ်ပြန် သည့် အမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း အီလက်ထရောနစ်ပုံစံဖြင့် ပြုစုထားရှိ နိုင်သည်။

၈၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်မဟုတ်သော လိုင်စင် ရရှိသူသည် စာရင်းများကို သက်ဆိုင်ရာ မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ ပြုစု ထားရှိရမည် ဖြစ်ပြီး ကော်မရှင်မှ သတ်မှတ်သည့်အချိန်အတွင်း ပြီးစီးအောင် ပြုစုထားရှိရမည်။

၉၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည် စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ၃ လ အတွင်း ကော်မရှင်သို့ တင်ပြရမည်။ အဆိုပါ စာရင်းစစ်အစီရင်ခံစာနှင့်အတူ ကော်မရှင်မှ သတ်မှတ်သည့် အချက်အလက်များ ပါဝင်ရမည်။ အဆိုပါ လိုင်စင်ရရှိသူ၏ စာရင်းစစ် အစီရင်ခံစာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲ တင်ပြရမည်။

(က) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော လက်ကျန် ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများ၊

(ခ ) ဤနည်းဥပဒေများနှင့် ကော်မရှင်မှ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ။

၉၁။ (က) လိုင်စင်ရရှိသူ၏စာရင်းစစ်သည်စာရင်းစစ်ဆေးရာတွင် အောက်ပါအချက်များကို အလေးထား ဆောင်ရွက်ရမည် -

(၁) မိမိထင်မြင်ချက်အရ လိုင်စင်ရရှိသူ၏ ငွေရေးကြေးရေးအခြေအနေကို အရေး ကြီးသော အတိုင်းအတာတစ်ခုအထိ ထိခိုက်သည့် သို့မဟုတ် ထိခိုက်နိုင်သည့်ကိစ္စ၊

(၂) မိမိထင်မြင်ချက်အရ ဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ကို ချိုးဖောက်မှု သို့မဟုတ် ချိုးဖောက်ရာရောက်မှုသို့မဟုတ်လိမ်လည်မှု သို့မဟုတ်မရိုးသားမှုဖြင့်ဆက်နွှယ် သော ပြစ်မှုရှိသည့် ကိစ္စရပ်၊

(၃) လိုင်စင်ရရှိသူ၏ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ငွေကြေး သို့မဟုတ် ရရန်ပိုင်ခွင့် အပါအဝင် စာရင်းအင်းများအပေါ် ထိခိုက်နိုင်သော သို့မဟုတ် ထိခိုက်မှုရှိနိုင်သော ပုံမှန်မဟုတ်မှုတစ်ရပ်၊ စာရင်းစစ်သည် အဆိုပါကိစ္စရပ် သို့မဟုတ်ပုံမှန်မဟုတ်မှုကိုကော်မရှင်သို့အစီရင်ခံစာအလျင်အမြန်ပေးပို့ရမည်။

(ခ) ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ကိုယ်စား လှယ်မဟုတ်သော လိုင်စင်ရရှိသူ၏ စာရင်းစစ်အား အောက်ပါ တာဝန်များ သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန် သတ်မှတ်ပေးနိုင်သည်။

(၁) ကော်မရှင်မှလိုအပ်သည်ဟုယူဆပါက စာရင်းစစ်ဆေးခြင်းနှင့် ဆက်စပ်သည့် ထပ်ဆောင်း သတင်းအချက်အလက်များကို ကော်မရှင်သို့ တင်ပြရန်တာဝန်၊

(၂) လိုင်စင်ရရှိသူ၏လုပ်ငန်းနှင့်ကိစ္စရပ်များအတွက်စာရင်းစစ်ဆေးခြင်း နယ်ပယ်ကို ချဲ့ထွင်ရန် သို့မဟုတ် တိုးမြှင့်ရန်တာဝန်၊

(၃) အခြားစုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်ကိုဆောင်ရွက်ရန် သို့မဟုတ် သီးခြားကိစ္စရပ်တစ်ခုခုအတွက်လုပ်ထုံးလုပ်နည်းကိုချမှတ်ရန် တာဝန်၊

(၄) အပိုဒ်(၂)နှင့် (၃) တွင် ဖော်ပြသည့် ကိစ္စရပ်များအနက်တစ်ရပ်ရပ်နှင့်ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို ကော်မရှင်သို့ တင်သွင်းရန်တာဝန်။

၉၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မရှင်သို့ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၃ လ အတွင်း တင်ပြရမည်။ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတွင် အောက်ပါ အချက်အလက်များ ပါဝင်ရမည်။

(က) မှတ်ပုံတင်သည့်ရက် နှင့် မှတ်ပုံတင်နံပါတ်၊

(ခ) ဆောင်ရွက်သည့်လုပ်ငန်းအမျိုးအစားများ၊

(ဂ) ဘဏ္ဍာရေးနှစ်အတွင်းလုပ်ငန်းအပေါ်ခြုံငုံသုံးသပ်ချက်၊

(ဃ) ဒါရိုက်တာ၊ အရာရှိနှင့် ဝန်ထမ်းများ၏သတင်းအချက်အလက်များ၊

(င) ငွေချေးသက်သေခံလက်မှတ်များကိုသီးခြားစီခွဲခြား၍ စီမံခန့်ခွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍အကြံဉာဏ်ပေးခြင်းလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သောဘဏ္ဍာရေးနှစ်အတွင်းအသေးစိပ် ဆောင်ရွက်မှုများ၊

(စ) ရုံးချုပ်နှင့်ရုံးခွဲများ၏ သတင်းအချက်အလက်များ၊

(ဆ) လက်ကျန်ရှင်းတမ်းနှင့်အရှုံးအမြတ်စာရင်းများပါဝင်သည့်ဘဏ္ဍာရေးရှင်းတမ်း များ။

၉၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည် ကော်မရှင်က သတ်မှတ်သည့်ကာလအတွင်းသာ ယင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို အများပြည်သူသို့ အသိပေးခြင်း (သို့မဟုတ်) အခြားသတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်းပြုရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုင်စင်ရရှိသူရုံး၏ သိသာထင်ရှား သောနေရာတွင် ဖော်ပြထားရှိရမည် သို့မဟုတ် သင့်လျော်သည့် နည်းလမ်းဖြင့် အများပြည်သူကို သိရှိစေရမည်။ အဆိုပါ အများပြည်သူသို့ အသိပေးခြင်း (သို့မဟုတ်) ထုတ်ဖော် အသိပေးခြင်းများ၏ မိတ္တူနှင့်အတူ အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။

၉၄။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမဟုတ်သော လိုင်စင်ရရှိသူကိုမဆို ကော်မရှင်က သတ်မှတ်သည့် အချိန်ကာလတစ်ခုခုအတွက်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ အစီရင်ခံစာတစ်ရပ်ကို တင်ပြရန် သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ကိုတင်သွင်းရန် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ ထိုသို့တင်ပြသည့် အစီရင်ခံစာ သို့မဟုတ် စာရွက်စာတမ်းများကို အသေးစိပ်ဖော်ပြရှင်းလင်းစေရန် ဖြေရှင်းချက်တစ်ရပ်ကို တောင်းခံနိုင်သည်။ ထိုသို့တင်ပြသည့် ဖြေရှင်းချက်များသည် ပြည့်စုံ၍ မှန်ကန်တိကျရမည်။

၉၅။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည် ကော်မရှင်ကသတ်မှတ်ပေးသည့် နေ့ရက်နှင့်အချိန်များအတွင်း လုပ်ငန်းများ ကို ဆောင်ရွက်ရမည်။

၉၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမဟုတ်သော လိုင်စင်ရရှိသူသည် လိုင်စင်ရရှိထား သည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ရပ်အား ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိ သည့်အခါ ကော်မရှင်၏ အတည်ပြုချက်ကို တောင်းခံရမည်။ ကော်မရှင်သည် အတည်ပြုချက် ပေးရာတွင် စည်းကမ်းချက်များကို သတ်မှတ်ပေးနိုင်သည်။

၉၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည်မိမိ၏လုပ်ငန်းဆောင်ရွက်မှုအား ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် ကော်မရှင် ထံမှ အတည်ပြုချက်တောင်းခံရာတွင် သို့မဟုတ် မိမိ၏လိုင်စင်အား ကော်မရှင်က ရုပ်သိမ်းခြင်း ခံရရာတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကော်မရှင်မှ သတ်မှတ်ပေးသည့် အချိန် အတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်။

၉၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူ၏ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ယင်း၏အရာရှိ သို့မဟုတ် ဂန်ထမ်းများသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် ဆက်ဆံရာတွင် စွမ်းရည်ပြည့်ဝမှုနှင့် မျှတမှုရှိရ မည့်အပြင် သဘောရိုးဖြင့် ဂန်ဆောင်မှုပေးရမည်။

၉၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူ သို့မဟုတ် ယင်း၏အရာရှိ သို့မဟုတ် ဂန်ထမ်းများသည် မျှတပြီး သဘောရိုး ရှိသော ဝန်ဆောင်မှုကို ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည် များမှအပ အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊လှည့်ဖြားသော ၊လိမ်လည်သော၊အထင်အမြင် မှားစေသောကြော်ငြာမှု နည်းလမ်းဖြင့် မည်သည့်တင်ပြမှုကိုမျှ မပြုလုပ်ခြင်းနှင့်

ကြော်ငြာရာတွင် ကော်မရှင်မှ သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ခ ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ဗဟုသုတ၊အတွေ့အကြုံ အဆင့်အတန်းနှင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်များအရ ယင်းအားပေးရမည့် သတင်းအချက်အလက်နှင့် အကြံဉာဏ်များ သင့်မြတ်လျော်ကန်စေခြင်း၊

(ဂ ) လိုင်စင်ရရှိသူမှ ဆောင်ရွက်ပေးသည့် ရောင်းဝယ်မှုနှင့်ပတ်သက်သော ငွေရေးကြေးရေးဆုံးရှုံးနိုင်ခြေကို လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အလားအလာရှိသည့် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူသို့ အသိပေးခြင်း၊

(ဃ) လုပ်ငန်းအတွက် ဆွဲဆောင်ရာတွင် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအားဆုံးရှုံးမှုကို ပေးလျော်ရန် သို့မဟုတ် အထူးအကျိုးအမြတ်ပေးရန်အတွက် ကတိမပြုရန်နှင့် ထိုသို့ ကတိပြုသည်ဖြစ်စေ ၊ မပြုသည်ဖြစ်စေ ဆုံးရှုံးမှုအတွက် ပေးလျော်မှု သို့မဟုတ် အထူးအကျိုးအမြတ်ပေးမှုတို့ကို မပြုလုပ်ခြင်း၊

(င ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်များကို အခြေခံ၍ မိမိ၏ကိုယ်ပိုင်စာရင်းဖြင့် မလျော်ကန်စွာ ရောင်းဝယ်မှုများ မပြုလုပ်ရခြင်း၊

(စ ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ သတင်းအချက်အလက်များကို ရယူ၍ ယင်းတို့၏ဗဟုသုတ၊အတွေ့အကြုံ၊ ပိုင်ဆိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များနှင့်အညီ သင့်လျော်သော နည်းလမ်းတစ်ရပ်ဖြင့် လုပ်ငန်းဆွဲဆောင်မှုပြုခြင်း၊

(ဆ) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးက မေတ္တာရပ်ခံခဲ့လျှင် ရောင်းချသော ငွေချေးသက်သေခံလက်မှတ်များနှင့် ပတ်သက်သည့် ရှင်းလင်းချက်ကို ပေးရမည်ဖြစ်ပြီး အဆိုပါ ရှင်းလင်းချက်သည် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ဗဟုသုတ၊ အတွေ့အကြုံ၊ ပိုင်ဆိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ၏ အဆင့်အတန်းနှင့် သင့်မြတ်လျော်ကန်ရမည် ဖြစ်ခြင်း၊

(ဇ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့် ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ် တစ်ရပ်အကျိုးသက်ရောက်သည့်အခါပဋိညာဉ်စာချုပ်၏အသေးစိပ်အချက်အလက်များကို ဖော်ပြသည့် စာရွက်စာတမ်းကို အဆိုပါ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူသို့ နှောင့်နှေးမှုမရှိစေဘဲ ပေးအပ်ခြင်း၊

(ဈ) သက်ဆိုင်သည့်ငွေချေးသက်သေခံလက်မှတ်များ၏တန်ဖိုး၊ဈေးနှုန်း၊ အမျိုးအစားတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်တွင်မဆို မိမိ၏ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ သို့မဟုတ် အများပြည်သူကို လှည့်စားရာရောက်စေသည့် အပြုအမူများတွင် ပါဝင်ပတ်သက်မှု မရှိခြင်း၊

(ည) မိမိ၏ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ သို့မဟုတ် အခြားအကျိုးသက်ရောက်မှုရှိသူများကိုထိခိုက်စေသည်သို့မဟုတ်မမျှတသည့်ဆက်ဆံမှုကိုဖြစ်စေသည်ဟုကော်မရှင်၏ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် အပြုအမူတစ်ရပ်တွင် ပါဝင်ပတ်သက်မှုမရှိခြင်း။

၁၀၀။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ ကိုယ်စားလှယ် မဟုတ်သော ငွေချေးသက်

သေခံလက်မှတ်ကုမ္ပဏီ အပါအဝင်ဖြစ်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ယင်း၏ အရာရှိ သို့မဟုတ် ဝန်ထမ်းများသည်ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည်များမှအပ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းသို့မဟုတ်ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းတို့ကို အောက်ဖော်ပြပါနည်းလမ်းများဖြင့် မပြုလုပ်ရ-

(၁) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူနှင့် မိမိလုပ်ငန်းအကြား သို့မဟုတ် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့်မိမိကိုယ်တိုင်အကြားရောင်းဝယ်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများအကြား ရောင်းဝယ်မှုနှင့် ပတ်သက်၍ဖြစ်စေ ဝန်ဆောင်မှုပေးခြင်း၊

(၂) မိမိလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူမှအပ မိမိလုပ်ငန်း သို့မဟုတ် မိမိကိုယ်တိုင် သို့မဟုတ် အခြားတစ်ဦးဦး၏ အကျိုးစီးပွားကို ရရှိစေရန်အလို့ငှာ မိမိလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ရောင်းဝယ်မှုဆိုင်ရာ ဈေးနှုန်း ၊ ညွှန်ကိန်း၊ ကိန်းဂဏန်း သို့မဟုတ် တန်ဖိုးအတက်အကျများကို အသုံးပြုခြင်းဖြင့် အကြောင်းခိုင်လုံမှုမရှိသည့် ဝန်ဆောင်မှုပေးခြင်း၊

(၃) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အကျိုးကို ထိခိုက်စေပြီး ပုံမှန်စည်းကမ်းချက်များနှင့်ကွဲပြားသော စည်းကမ်းချက်များဖြင့် ရောင်းဝယ်မှုကို ဆောင်ရွက်ပေးခြင်း၊

(၄) လုပ်ငန်းသို့မဟုတ်မိမိ၏ဝန်ဆောင်မှုပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍သက်ဆိုင်ရာ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ စာရင်းဖြင့် ဆောင်ရွက်ရန်ဖြစ်သော ရောင်းဝယ်မှုနှင့်ပတ်သက်သည့်သတင်းအချက်အလက်ကိုအသုံးပြု၍ လုပ်ငန်း သို့မဟုတ် မိမိ၏ စာရင်းအတွက် ရောင်းဝယ်မှုကို ပြုလုပ်ခြင်း၊

(၅) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးမှ အပ်နှံထားသည့် ငွေကြေး သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို လုပ်ငန်း သို့မဟုတ် မိမိကိုယ်တိုင်လက်ခံခြင်း သို့မဟုတ် မိမိလုပ်ငန်း သို့မဟုတ် မိမိနှင့် နီးကပ်စွာ ဆက်သွယ်မှုရှိနေသည့်သူက လက်ခံရရှိခြင်း၊

(၆) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူတစ်ဦးသို့ငွေချေးခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ချေးငှားခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို အခြားတစ်ဦးဦးက လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူသို့ ငွေကြေးဆိုင်ရာ ကြားခံ ၊ ပွဲစား သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခြင်း၊

(၇) ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အခွင့်အာဏာအားလုံး သို့မဟုတ် အဓိက အစိပ်အပိုင်းကို အခြားတစ်ဦးဦးသို့ အပ်နှံခြင်း၊

(ခ ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ကိုယ်စားလှယ်မဟုတ်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုအပါအဝင်ဖြစ်သည့်လိုင်စင်ရရှိသူ သို့မဟုတ် ယင်း၏

အရာရှိ သို့မဟုတ် ဝန်ထမ်းများသည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းသို့မဟုတ်ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်။

(၁) ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ရရန်ပိုင်ခွင့်ကို လုပ်ငန်း၏ရရန်ပိုင်ခွင့် သို့မဟုတ်မိမိ၏ ရရန်ပိုင်ခွင့်နှင့် အခြားလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ များ၏ ရရန်ပိုင်ခွင့်နှင့်ခွဲခြား၍ စီမံခန့်ခွဲခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းနှင့် ဆက် သွယ်ဆောင်ရွက်သူသို့ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းအခြေအနေ ကို ဖော်ပြသည့် စာရွက်စာတမ်းတစ်ရပ်ကို ပုံမှန်ပေးပို့ခြင်း။

၁၀၁။ နည်းဥပဒေ ၉၉ သို့မဟုတ် ၁၀၀ တို့ကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် လိုင်စင် ရရှိသူသည် ကော်မရှင်မှ သတ်မှတ်သည့် စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေးကို ပေးဆောင်ရန် တာဝန် ရှိသည်။

၁၀၂။ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်သည့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူသည် မိမိ၏လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်း သို့မဟုတ် မိမိကိုယ်တိုင်က လက်ခံရရှိသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် မိမိ၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ စာရင်းသို့ စာရင်းရှင်းလင်းရန်ဖြစ်သည့် ငွေကြေးနှင့်ပတ်သက်၍-

(က) ငွေကြေးနှင့်ရရန်ပိုင်ခွင့်များကိုလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့် သဘောတူ ထားသည့် ကိစ္စရပ်အတွက်သာ သုံးစွဲကြောင်းသေချာစေရမည်၊

(ခ ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ အကျိုးအမြတ်အတွက် ယုံကြည်အပ်နှံ ထားသည့် ငွေအဖြစ် ထားရှိရမည်၊

(ဂ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူတစ်ဦးထံမှ ရရှိသည့်ငွေကို ၎င်း၏ ကိုယ်ပိုင် ငွေကြေးများနှင့်အတူ ရောနှောခြင်းမပြုရ၊

(ဃ) လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေကြေးနှင့် ရရန်ပိုင်ခွင့်များကို လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးချင်းအတွက် မှတ်တမ်းပြု၍ သီးခြား ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူမှ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ငွေကြေးနှင့် ရရန်ပိုင်ခွင့်များကိုင်တွယ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့်အခြားကိစ္စရပ်တစ်ခုခု အတွက် အမိန့်ကြော်ငြာစာထုတ်ပေးနိုင်သည်။

၁၀၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်မဟုတ်သော လိုင်စင်ရရှိသူသည်-

(က) ဥပဒေအခန်း ၉ ပါ တားမြစ်သည့်ပြုလုပ်မှုများကို မိမိကိုယ်တိုင်နှင့် မိမိ၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများက ပြုလုပ်ခြင်းမှ တားဆီးရန်အတွက် လိုအပ်၍ လျော်ကန်သော စီမံ ဆောင်ရွက်မှုများကို ချမှတ်ဆောင်ရွက်ရမည်၊

(ခ ) ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်သည့် ဆောင်ရွက်ရမည့် သို့မဟုတ် ဆောင်ရွက်မှုမပြုရမည့် မည်သည့်ကိစ္စရပ်ကိုမဆို လိုက်နာရမည်။

## အခန်း(၅)
## ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေခြင်း

၁၀၄။ ဥပဒေပုဒ်မ ၃၅ အရ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ ရှယ်ယာနှင့် ငွေချေးစာချုပ်များမှအပငွေချေးသက်သေခံလက်မှတ်များထုတ်ဝေခြင်းနှင့်စပ်လျဉ်းသည့် အလားအလာညွှန်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၁) အပိုဒ် ၁၄ နှင့်အညီ တူညီသောအဓိပ္ပါယ်ရှိစေရမည်ဖြစ်ပြီး အဆိုပါအလားအလာညွှန်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ဤအခန်းတွင် သတ်မှတ်ထားသည့်အတိုင်း ပြုစုရမည်။ လိုအပ်သောပညာရပ်ဆိုင်ရာစကားရပ် အစားထိုးမှု တစ်ရပ်ရပ်ကို ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ဖော်ပြရမည်။

၁၀၅။ ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ(က)ပါ ကိစ္စရပ်အလို့ငှာ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များကို ရင်းနှီးမြှုပ်နှံသူတစ်ဦးမှ ဝယ်ယူရန် သို့မဟုတ် ငွေပေးချေရန် ဆုံးဖြတ်နိုင်ရေးအတွက် ကမ်းလှမ်းရောင်းချခြင်း၏ စည်းကမ်းချက် များနှင့် သတင်းအချက်အလက်များကို ပုံစံတစ်မျိုးမျိုးနှင့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် အသိပေးမှု ကိုဆိုသည်။

၁၀၆။ ဥပဒေပုဒ်မ ၃၅ အရ အများပြည်သူသို့ကမ်းလှမ်းရောင်းချသည့် သို့မဟုတ် ကမ်းလှမ်းရောင်းချမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ကော်မရှင်မှ စာဖြင့်ရေးသား ခွင့်ပြုထား သည်မှအပ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်မှစ၍ ဥပဒေအရ ဖွဲ့စည်းသည့် သို့မဟုတ် ဖွဲ့စည်းမည့် ကောင်တာဈေးကွက်တွင်သာ စာရင်းဝင်မဟုတ်သောရှယ်ယာများကို ရောင်းဝယ် ရမည်။

၁၀၇။ အောက်ဖော်ပြပါကိစ္စရပ်များသည် ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်လျှင် ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အတည်ပြုချက် ရယူရန်မလိုအပ်ပါ-

(က) ကော်မရှင်မှအရည်အချင်းပြည့်မီကြောင်းသတ်မှတ်ခံရသည့် ရင်းနှီးမြှုပ်နှံသူများသို့

သာ ကမ်းလှမ်းရောင်းချသည့်အခါနှင့် အဆိုပါ ကမ်းလှမ်းရောင်းချသည့် ငွေချေးသက်သေခံလက်မှတ်များအားလုံး သို့မဟုတ် အစိတ်အပိုင်း တစ်ရပ်ရပ်ကို နောက်ဆက်တွဲ လွှဲပြောင်းခြင်းအား တားမြစ်ထားသည်မှအပ ကမ်းလှမ်းရောင်းချသည့် ငွေချေးသက်သေခံလက်မှတ်များအားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်ကို အရည်အချင်းပြည့်မီကြောင်း သတ်မှတ်ခံရသည့် အခြား ရင်းနှီးမြှုပ်နှံသူများသို့ လွှဲပြောင်းခြင်း၊

(ခ) အရည်အချင်းပြည့်မီကြောင်းသတ်မှတ်ခံရသည့် ရင်းနှီးမြှုပ်နှံသူများကို ထည့်သွင်းစဉ်းစားခြင်းမပြုထားသည့် ၅၀ ဦးထက် လျော့နည်းသည့်သူများသို့ ကမ်းလှမ်းရောင်းချခြင်းနှင့်အဆိုပါကမ်းလှမ်းရောင်းချသည့်ငွေချေးသက်သေခံလက်မှတ်များနောက်ဆက်တွဲ လွှဲပြောင်းခြင်းအား တားမြစ်ထားသည်မှအပ ငွေချေးသက်သေခံလက်မှတ်အားလုံးကို အခြားရင်းနှီးမြှုပ်နှံသူတစ်ဦးတည်းသို့ လွှဲပြောင်းခြင်း၊

(ဂ) ၆ လ အတွင်း ကမ်းလှမ်းရောင်းချသည့် အမျိုးအစားတူ ငွေချေးသက်သေခံလက်မှတ်များအားလုံးအတွက် စုစုပေါင်းတန်ဖိုးသည် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်တန်ဖိုးထက် ကျော်လွန်မှုမရှိခြင်း၊

(ဃ) အလုပ်ရှင်မှ ယင်း၏ လက်ရှိဒါရိုက်တာများ သို့မဟုတ် ယခင် ဒါရိုက်တာများ သို့မဟုတ် ဝန်ထမ်းများသို့ ကမ်းလှမ်းရောင်းချခြင်းနှင့် အဆိုပါကမ်းလှမ်းရောင်းချသည့်ငွေချေးသက်သေခံလက်မှတ်များနောက်ဆက်တွဲလွှဲပြောင်းခြင်းအား တားမြစ်ထားသည်မှအပငွေချေးသက်သေခံလက်မှတ်များအားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ကိုအခြားလက်ရှိ ဒါရိုက်တာများ သို့မဟုတ် ယခင်ဒါရိုက်တာများသို့မဟုတ် ဝန်ထမ်းများသို့ လွှဲပြောင်းခြင်း။

၁၀၈။ (က) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီသည် ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အတည်ပြုချက်ကို လျှောက်ထားရာတွင် ဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) တွင်ဖော်ပြပါရှိသည့် အလားအလာ ညွှန်းတမ်း မိတ္တူတစ်စောင်ကို အောက်ပါတို့နှင့် အတူ ကော်မရှင်သို့ တင်ပြရမည်-

(၁) ယင်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မိတ္တူတစ်စုံ၊

(၂) အလားအလာညွှန်းတမ်း ထုတ်ဝေမှုမတိုင်မီ ဘဏ္ဍာရေးနှစ် ၂ နှစ်၏ တစ်နှစ်စီအတွက် ယင်း၏ စာရင်းစစ်ပြီး လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း မိတ္တူတစ်စုံ၊

(၃) လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းသို့ ပူးတွဲသည့် စာရင်းစစ်များ၏ အစီရင်ခံစာ မိတ္တူတစ်စောင်၊

(၄) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၃၁၊ ပုဒ်မခွဲ (က)အရ ဒါရိုက်တာများ၏ အစီရင်ခံစာမိတ္တူတစ်စောင်၊

(၅) ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့်သတ်မှတ်ထားသည့်အခြားသတင်းအချက်အလက်များ။

(ခ) ဥပဒေ ပုဒ်မ ၃၅ ၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသည့် အလားအလာညွှန်းတမ်းနှင့် စပ်လျဉ်း၍

(၁) အဆိုပါအများနှင့်သက်ဆိုင်သည့်ကုမ္ပဏီသည်နည်းဥပဒေခွဲ(က)၊အပိုဒ်(၂)တွင် ဖော်ပြထားသည့်သတင်းအချက်အလက်များပါဝင်စေနိုင်၍ယင်းကိုမြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၉၃၊ ပုဒ်မခွဲ ၁ (က) အရ အလားအလာညွှန်းတမ်း အတွက် လိုအပ်သော စာရင်းစစ် အစီရင်ခံစာတစ်စောင်နှင့် အစားထိုးခြင်း ပြုနိုင်သည်။

(၂) အဆိုပါ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် များ၏ ဈေးနှုန်းသတ်မှတ်သည့် သတင်းအချက်အလက်များနှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့် အခြားသတင်းအချက် အလက်များကို ချန်လှပ်ထားနိုင်သည်။

၁၀၉။ ဥပဒေပုဒ်မ ၃၅ အရ အလားအလာညွှန်းတမ်းတွင်ပါဝင်ရမည့် ကုမ္ပဏီ၏အရေးကြီးသော အကြောင်းအရာများတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ကုမ္ပဏီ၏သမိုင်းကြောင်းနှင့်ဖွံ့ဖြိုးတိုးတက်မှု ၊ ယင်း၏ ပင်မနှင့် လက်အောက်ခံ ကုမ္ပဏီများ၊ယင်းနှင့်ဆက်စပ်သည့်ကုမ္ပဏီများ၊ ယင်း၏ဝန်ထမ်းများစသည်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအပါအဝင် ကုမ္ပဏီ၏ အကြောင်းအရာ အကျဉ်းချုပ်၊

(ခ ) ကုမ္ပဏီ၏လုပ်ငန်းစွမ်းဆောင်မှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အဓိက ဈေးကွက်များ ၊ ကုမ္ပဏီရင်ဆိုင်နေရသည့် အဓိကအန္တရာယ်နှင့် မရေရာမှုများ ၊ အရေးကြီးသော စာချုပ်များ၊သုတေသနနှင့်ဖွံ့ဖြိုးမှုများစသည်တို့ပါဝင်သည့် လုပ်ငန်းသုံးသပ်ချက်၊

(ဂ ) ကုမ္ပဏီ၏ပစ္စည်းကရိယာများတွင် ရင်းနှီးမြှုပ်နှံမှု၊ ပင်မစက်ရုံနှင့် ပစ္စည်းကရိယာ များစသည့် သတင်းအချက်အလက်များပါဝင်သည့် ကုမ္ပဏီ၏ စက်ရုံနှင့် ပစ္စည်း ကရိယာများ၏ ဖော်ပြချက်၊

(ဃ) အဓိကအစုရှယ်ယာပိုင်ရှင်များ၊အမြတ်ဝေစုမူဝါဒ၊ အဖွဲ့အစည်းဖွဲ့စည်းမှုပုံသဏ္ဍာန်၊ စီမံခန့်ခွဲမှုစနစ်စသည့်သတင်းအချက်အလက်များပါဝင်သည့်ကုမ္ပဏီ၏ အကြောင်း အရာဖော်ပြချက်နှင့်

(င ) မြန်မာနိုင်ငံ၏ စတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် လျှောက်ထားသည့်အခါ အများ နှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ စတော့အိပ်ချိန်း၏ ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်း ၊ စည်းကမ်းများအားလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီဒါရိုက်တာ အဖွဲ့၏ကြေညာချက်။

၁၁၀။ ကော်မရှင်သည် အောက်ပါတို့ကို ကျေနပ်မှုရှိပါက အများပြည်သူသို့ ကမ်းလှမ်းရောင်း ချခြင်းကို အတည်ပြုနိုင်သည်-

(က) အလားအလာညွှန်းတမ်းတွင်လိုအပ်သော သတင်းအချက်အလက်များပါဝင်ခြင်း၊

(ခ ) ဥပဒေ၊ ဤနည်းဥပဒေများနှင့်ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအရ ပြဋ္ဌာန်းသော အခြားလိုအပ်ချက်များနှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတို့နှင့် ကိုက်ညီခြင်း။

၁၁၁။ နည်းဥပဒေ ၁၁၂ ပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင်ဖော်ပြချက်များမှအပ ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)အရ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းအတွက် ကော်မရှင်၏ အတည်ပြုချက်ရယူခြင်းမရှိဘဲ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခု သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ် တစ်ဦးဦးသည် မည်သည့်ရင်းနှီးမြှုပ်နှံသူကိုမျှ အဆိုပါ ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ် နှင့်ပတ်သက်၍ ငွေပေးသွင်းရန် သို့မဟုတ် ဝယ်ယူရန် ဖိတ်ခေါ်ခြင်း သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်များကို ရင်းနှီးမြှုပ်နှံသူတစ်ဦးဦးသို့ ခွဲဝေခြင်း ၊ ထုတ်ပေးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၁၁၂။ (က) နည်းဥပဒေ ၁၁၀ ပါ ပြဋ္ဌာန်းချက်များ မည်သို့ပင်ရှိစေကာမူတင်ပြသည့် အလားအလာညွှန်းတမ်းတွင် ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့်ကော်မရှင်မှအမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်၍ ဖော်ပြသည့် အခြားသီးခြား သတင်းအချက်အလက်များ ပါဝင်ခြင်း မရှိသည့်တိုင် ကော်မရှင်သည် အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းအတွက် ကနဦး အတည်ပြုချက်ကိုထုတ်ပေးနိုင်သည်။ ကနဦး အတည်ပြုချက်ဆိုသော စကားရပ်သည် ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)အရ နောက်ဆုံး အတည်ပြုချက် မဟုတ်သည့် ယာယီအတည်ပြုချက်တစ်ရပ် ဖြစ်သည်။

(ခ ) ကော်မရှင်၏ ကနဦးအတည်ပြုချက်အရ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် ၎င်း၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးသည် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်များကိုငွေပေးသွင်းရန် သို့မဟုတ် ဝယ်ယူရန် ရင်းနှီးမြှုပ်နှံသူများအားဖိတ်ကြားနိုင်သည်။ သို့သော် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်များကို ရင်းနှီးမြှုပ်နှံသူများသို့ ခွဲဝေခြင်း၊ ထုတ်ပေးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုနိုင်။

(ဂ ) ကနဦးအတည်ပြုချက်ကိုရရှိပြီးသည့်အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)အရ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းအတွက် အတည်ပြုချက်ရရှိရန် လိုအပ်သော ကျန်ရှိသည့် သတင်းအချက်အလက်များ ပါရှိသောဖြည့်စွက်ချက် အလားအလာညွှန်းတမ်းကို ကော်မရှင်သို့ တင်ပြသည့်အခါ ကော်မရှင်သည် ဥပဒေပုဒ်မ ၃၅ ၊ ပုဒ်မခွဲ (က) အရ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီအား အတည်ပြုချက် ထုတ်ပေးနိုင်သည်။

(ဃ) နည်းဥပဒေခွဲ(ဂ)တွင်ဖော်ပြပါရှိသည့်ဖြည့်စွက်ချက် အလားအလာညွှန်းတမ်းပုံစံနှင့် အများပြည်သူသို့ကမ်းလှမ်းရောင်းချသည့်ပုဂ္ဂိုလ်ကယင်းပုံစံအား ပုံနှိပ်ဖော်ပြခြင်း တို့အတွက် နည်းဥပဒေ ၁၁၇၊ နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့နှင့် သင့်လျော်သလို ကျင့်သုံးရမည်။

၁၁၃။ ကော်မရှင်သည် လွန်ခဲ့သည့် ၁၂ လအတွင်း အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း များအပေါ်အတည်ပြုခဲ့သည့် သို့မဟုတ် ကနဦးအတည်ပြုခဲ့သည့် စာရင်းနှင့်အဆိုပါကမ်းလှမ်း ရောင်းချခြင်း နှင့်သက်ဆိုင်သော အလားအလာညွှန်းတမ်းနှင့် အခြားအရေးပါသော သတင်း အချက်အလက်များအား ယင်း၏ ဝက်(ဘ်)ဆိုက်တွင် အသေးစိပ်ဖော်ပြရမည်။

၁၁၄။ အများပြည်သူများသို့ ကမ်းလှမ်းရောင်းချခြင်းကို အတည်ပြုပြီး သို့မဟုတ် ကနဦးအတည် ပြုပြီးနောက် နည်းဥပဒေ ၁၀၈ နှင့် နည်းဥပဒေ ၁၁၂ ၊ နည်းဥပဒေခွဲ (ဂ) အရ ကော်မရှင်သို့ တင်ပြ ရသည့် နည်းဥပဒေ ၁၀၈ ၊ နည်းဥပဒေခွဲ (က) အပိုဒ် (၁)မှ(၄) တွင် ဖော်ပြပါရှိသည့် အချက်အလက် မိတ္တူနှင့်အတူ အလားအလာညွှန်းတမ်း မိတ္တူ ၊ ဖြည့်စွက်ချက် အလားအလာညွှန်းတမ်းမိတ္တူကို အမှုကိစ္စအလိုက် ကော်မရှင်က အနည်းဆုံး (၃)နှစ် အတွက် အများပြည်သူသိရှိနိုင်ရန်အောက်ပါအတိုင်း ထားရှိရမည်-

(က) ကော်မရှင်၏ရုံးချုပ်တွင် ပုံနှိပ်ပုံစံဖြင့်၊

(ခ ) သက်ဆိုင်သည့် ကမ်းလှမ်းရောင်းချခြင်း အစပြုသည့်အချိန်မှစ၍ ကော်မရှင်၏ ဝက်(ဘ်)ဆိုက်တွင် အီလက်ထရောနစ်ပုံစံဖြင့်။

၁၁၅။ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် အလားအလာညွှန်းတမ်းတွင် နည်းဥပဒေ ၁၀၈ ၊ နည်းဥပဒေခွဲ (က) အပိုဒ် (၂) တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ ပါဝင်စေနိုင်ပြီး ယင်းကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၉၃၊ပုဒ်မခွဲ၁(က)အရ အလားအလာညွှန်းတမ်း အတွက် လိုအပ်သော စာရင်းစစ်များက ပြုစုထားသည့် အစီရင်ခံစာတစ်စောင်နှင့် အစားထိုးခြင်းပြုနိုင်၍ ယင်းအလားအလာညွှန်းတမ်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာ ခြင်းသည် ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) ကိစ္စရပ်အလို့ငှာ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(က) မြန်မာနိုင်ငံအနှံ့ဖြန့်ဝေသည့် သတင်းစာများတွင် ထည့်သွင်းခြင်း၊

(ခ ) ငွေချေးသက်သေခံလက်မှတ် ထုတ်ဝေသူ၏ မှတ်ပုံတင်ထားသည့်ရုံး ၊ ငွေချေးသက် သေခံလက်မှတ်များကိုထားရှိသည့် သို့မဟုတ် ရောင်းချသည့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ၏ ရုံးများတွင် ပုံနှိပ်သည့် ပုံစံဖြင့် အများပြည်သူသို့ အခမဲ့ရရှိ စေခြင်း၊

(ဂ) ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူ၏ဝက်(ဘ်)ဆိုက်တွင်အီလက်ထရောနစ် ပုံစံဖြင့် ထားရှိခြင်း။

၁၁၆။ ဥပဒေ ပုဒ်မ ၃၅ ၊ ပုဒ်မခွဲ (က) သို့မဟုတ် နည်းဥပဒေ ၁၁၂၊ နည်းဥပဒေခွဲ (က) အရ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကို ကော်မရှင်မှ အပြီးအပြတ် အတည်ပြုပြီးမှသာ အလားအလာညွှန်းတမ်းအား ဖြန့်ဝေခြင်းပြုရမည်။

၁၁၇။ (က) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကို ကော်မရှင်မှ အတည်ပြုပြီးနောက် ကမ်းလှမ်းရောင်းချခြင်းကို ပြုလုပ်သည့် ပုဂ္ဂိုလ်သည် အောက်ပါအချက်များကို သတိပြုမိလျှင်အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကို ပိတ်သိမ်းခြင်းမပြုမီ ဖြည့်စွက်ချက်ကို ကော်မရှင်သို့ တင်ပြနိုင်သည်။

(၁) အလားအလာညွှန်းတမ်းတွင် မမှန်ကန်သော သို့မဟုတ် အထင်အမြင်မှားစေသည့် ဖော်ပြချက်၊

(၂) အလားအလာညွှန်းတမ်းတွင် ပါဝင်သင့်သည့် သတင်းအချက်အလက်တစ်ခုခု မပါဝင်မှု၊

(၃) အလားအလာညွှန်းတမ်းကိုကော်မရှင်သို့တင်ပြပြီးနောက် ပေါ်ပေါက်လာသည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးအတွက် အရေးကြီးသော ထိခိုက်မှုကို ဖြစ်စေသည့် အခြေအနေသစ်။

(ခ) ဖြည့်စွက်ချက်စာရွက်စာတမ်း၏ အစပိုင်းတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည်။

(၁) ဖြည့်စွက်ချက် အလားအလာညွှန်းတမ်းဖြစ်ကြောင်း ဖော်ပြချက်၊

(၂) အလားအလာညွှန်းတမ်းတွင်ဖြည့်စွက်ချက်များကို ပေါ်လွင် ထင်ရှားစေသည့် ဖော်ပြချက်၊

(၃) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းနှင့်ပတ်သက်၍ ကော်မရှင်သို့ ယခင်တင်ပြပြီးဖြစ်သည့်ဖြည့်စွက်ချက်စာရွက်စာတမ်းကို ပေါ်လွင်ထင်ရှားစေသည့် ဖော်ပြချက်၊

(၄) အများပြည်သူသို့ကမ်းလှမ်းခြင်းနှင့်ပတ်သက်၍ ယခင်ဖြည့်စွက်ချက် စာရွက်စာတမ်းကို ဖြည့်စွက်သည့် အလားအလာညွှန်းတမ်းနှင့်အတူ ပူးတွဲ၍ ဖတ်ရှုနိုင်ရန် ဖော်ပြချက်တို့ပါဝင်ရမည်။

(ဂ) အများပြည်သူသို့ ကမ်းလှမ်းမှုကို ပြုလုပ်သော ပုဂ္ဂိုလ်သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) အလားအလာညွှန်းတမ်းအစား ဖြည့်စွက်ချက် စာရွက်စာတမ်း တစ်ရပ်ရပ် တင်ပြပြီးကြောင်းကိုအလားအလာရှိသောရင်းနှီးမြှုပ်နှံသူများအားအသိပေးခြင်း၊

(၂) ဖြည့်စွက်ချက်စာရွက်စာတမ်းများကိုအလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအား ရရှိစေခြင်း။

(ဃ) ကော်မရှင်သည်အောက်ဖော်ပြပါ ကိစ္စရပ်များအနက် တစ်ရပ်ရပ်တွင် ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေခြင်း၊ ထုတ်ပေးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရန် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချ

သည့် ပုဂ္ဂိုလ်သို့ အမိန့်ထုတ်ပြန်ခြင်းဖြင့် ညွှန်ကြားနိုင်သည်။

(၁) တင်ပြသော အလားအလာညွှန်းတမ်းတွင် မမှန်ကန်သည့် သို့မဟုတ် အထင်အမြင်မှားစေသည့်ဖော်ပြချက်တစ်ရပ်ပါဝင်ခြင်း သို့မဟုတ် ၎င်းတွင် ပါဝင်ရန်လိုအပ်သည့် သတင်းအချက်အလက် တစ်ရပ်ရပ် မပါဝင်ဟု ကော်မရှင်က သဘောရရှိခြင်း၊

(၂) အလားအလာညွှန်းတမ်းသည်ဤဥပဒေအရ လိုအပ်ချက်များနှင့် ကိုက်ညီခြင်း မရှိဟု ကော်မရှင်က သဘောရရှိခြင်း၊

(၃) အများပြည်သူ၏အကျိုးစီးပွားအရဆောင်ရွက်ရန်လိုအပ်သည်ဟုကော်မရှင်က သဘောရရှိခြင်း။

## အခန်း(၆)
## စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း

၁၁၈။ (က) အောက်ပါကုမ္ပဏီများသည်နှစ်ပတ်လည်အစီရင်ခံစာ၊နှစ်ဝက်အစီရင်ခံစာနှင့်အထူးအစီရင်ခံစာတစ်ရပ်ရပ်ကို ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ကော်မရှင်သို့ တင်ပြရမည်။

(၁) စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီ၊

(၂) ကောင်တာဈေးကွက်တွင် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊

(၃) ဥပဒေ ပုဒ်မ ၃၅ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အတည်ပြုချက်ကို ရယူထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊

(၄) ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်ရင်းနှီးမြှုပ်နှံသူအရေအတွက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ။

(ခ) နည်းဥပဒေခွဲ(က) တွင်ဖော်ပြသည့် နှစ်ပတ်လည်အစီရင်ခံစာ ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာတစ်ရပ်တို့ကို မြန်မာနှင့်အင်္ဂလိပ်ဘာသာဖြင့်ပြုစုထားရှိမည်။

(ဂ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် နည်းဥပဒေခွဲ (က) အရ တင်ပြခြင်းကို အောက်ပါကိစ္စရပ်များအတွက် ကော်မရှင်၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ရရှိနိုင်သည်-

(၁) ကုမ္ပဏီကိုဖျက်သိမ်းပြီးဖြစ်လျှင်၊

(၂) ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းများဆောင်ရွက်မှုကို အချိန်ကာလတစ်ခုအတွက် ရပ်ဆိုင်းပြီးဖြစ်လျှင်၊

(၃) ကုမ္ပဏီ၏ငွေချေးသက်သေခံလက်မှတ် ကိုင်ဆောင်သူအရေအတွက် စုစုပေါင်းသည် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်

အရေအတွက်အောက် လျော့နည်းလျှင်။

၁၁၉။ နည်းဥပဒေ၁၁၈၊ နည်းဥပဒေခွဲ(က)အရ သတ်မှတ်ဖော်ပြသည့် နှစ်ပတ်လည်အစီရင်ခံစာ ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ၃ လထက်နောက်ကျခြင်းမရှိစေဘဲ ကော်မရှင်သို့ တင်ပြ ရမည်ဖြစ်၍ ကော်မရှင်သည် မလွှဲမရှောင်သာသည့် အခြေခံ အကြောင်းတစ်ရပ်ရပ်ကြောင့် ကုမ္ပဏီမှ အဆိုပါကာလအတွင်း အစီရင်ခံစာတင်ပြရန် အခက်အခဲရှိသည်ကို တွေ့ရှိရပါက အချိန်ကာလကို တိုးမြှင့်ပေးနိုင်သည်။

၁၂၀။ နည်းဥပဒေ ၁၁၈၊ နည်းဥပဒေခွဲ(က)ဖြင့် သတ်မှတ်ဖော်ပြသည့် နှစ်ပတ်လည်အစီရင်ခံစာ တွင် အောက်ပါတို့ပါဝင်ရမည်-

(က) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ယင်း၏ ယခင် ဘဏ္ဍာရေးနှစ်လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း၊

(ခ ) လက်ကျန်ရှင်းတမ်းနှင့်အရှုံးအမြတ်စာရင်းတို့ပူးတွဲထားသည့်စာရင်းစစ်အစီရင်ခံစာ၊

(ဂ ) ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ(ခ)နှင့် နည်းဥပဒေ ၁၀၉ အရ အလားအလာညွှန်းတမ်းတွင် ပါရှိရန် လိုအပ်သည့် ကုမ္ပဏီ၏အရေးကြီးသော အချက်အလက်များ။

၁၂၁။ နည်းဥပဒေ ၁၁၈၊ နည်းဥပဒေခွဲ (က)တွင် ဖော်ပြထားသည့် နှစ်ဝက်အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်၏ ပထမ ၆ လ ကုန်ဆုံးပြီးနောက် ၃ လထက် နောက်ကျခြင်းမရှိစေဘဲ ကော်မရှင် သို့ တင်ပြရမည်ဖြစ်၍ ကော်မရှင်သည် မလွှဲမရှောင်သာသည့် အခြေခံအကြောင်းတစ်ရပ်ရပ် ကြောင့် ကုမ္ပဏီမှ အဆိုပါ ကာလအတွင်း အစီရင်ခံစာတင်ပြရန် အခက်အခဲရှိသည်ကို တွေ့ရှိ ရပါကအချိန်ကာလကို တိုးမြှင့်ပေးနိုင်သည်။

၁၂၂။ နည်းဥပဒေ ၁၁၈ ၊ နည်းဥပဒေခွဲ (က) တွင်ဖော်ပြပါရှိသည့် နှစ်ဝက်အစီရင်ခံစာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမ ၆ လ ကုန်ဆုံးချိန်ရှိ ၎င်း၏ လက်ကျန်ရှင်းတမ်း၊

(ခ ) လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမ ၆ လ အတွက် အရှုံးအမြတ်စာရင်း၊

(ဂ ) ၎င်း၏နှစ်ဝက်အစီရင်ခံစာကို စာရင်းစစ်များက စစ်ဆေးခြင်း သို့မဟုတ် ပြန်လည် သုံးသပ်ခြင်းပြုပြီးပါက စာရင်းစစ်အစီရင်ခံစာ သို့မဟုတ် စာရင်းစစ်ပြန်လည် သုံးသပ်ချက်၊

(ဃ) သက်ဆိုင်သည့်ကာလအတွင်းပေါ်ပေါက်ခဲ့သည့်အဓိကဖြစ်ရပ်နှင့်ရောင်းဝယ်မှုများ၊ ယင်းတို့ကြောင့်ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ထိန်းချုပ် တာဝန်ယူမှုများ အပေါ်ရိုက်ခတ်မှုများနှင့် သက်ဆိုင်သည့်ကာလအတွင်းကုမ္ပဏီ၏ငွေရေးကြေးရေး အခြေအနေ၊ စွမ်းဆောင်မှုနှင့် ထိန်းချုပ်တာဝန်ယူမှုများကို ယေဘူယျ ဖော်ပြထား သည့် ဒါရိုက်တာများ၏ အစီရင်ခံစာ သို့မဟုတ် စီမံအုပ်ချုပ်သူများ၏ ကြားဖြတ်

အစီရင်ခံစာ။

၁၂၃။ နည်းဥပဒေ၁၁၈၊နည်းဥပဒေခွဲ(က)တွင်ဖော်ပြထားသည့်အထူးအစီရင်ခံစာကို ကော်မရှင် မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာနှင့်အညီ ကော်မရှင်သို့ ချက်ခြင်း တင်ပြရမည်။

၁၂၄။ (က) ကော်မရှင်သည်နည်းဥပဒေ ၁၁၈၊ နည်းဥပဒေခွဲ (က)အရ တင်ပြသည့်နှစ်ပတ်လည် အစီရင်ခံစာ ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာများကို အများပြည်သူ သိရှိနိုင်ရန်ပြုလုပ်ရမည်ဖြစ်၍နှစ်ပတ်လည်အစီရင်ခံစာကို ၅ နှစ်၊နှစ်ဝက်အစီရင်ခံစာကို ၃နှစ်နှင့်အထူးအစီရင်ခံစာကို၁ နှစ်အထိ အများပြည်သူရရှိနိုင်ရန်အောက်ပါအတိုင်း ထားရှိရမည်-

(၁) ကော်မရှင်၏ ရုံးချုပ်တွင် ပုံနှိပ်ထားသည့်ပုံစံ၊

(၂) ကော်မရှင်၏ဝက်(ဘ်)ဆိုက်တွင် အီလက်ထရောနစ်ပုံစံ။

(ခ ) အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် နည်းဥပဒေ ၁၁၈ ၊ နည်းဥပဒေခွဲ (က) အရ တင်ပြရန်လိုအပ်သည့်ယင်း၏နှစ်ပတ်လည်အစီရင်ခံစာ ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာများကိုအများပြည်သူသိရှိနိုင်ရန်ပြုလုပ်ရမည်ဖြစ်၍နှစ်ပတ်လည် အစီရင်ခံစာကို ၅ နှစ်၊ နှစ်ဝက်အစီ ရင်ခံစာကို ၃ နှစ်နှင့် အထူးအစီရင်ခံစာကို ၁ နှစ် အထိ အများပြည်သူ အခမဲ့ရရှိနိုင်ရန် အောက်ပါအတိုင်း ထားရှိရမည်။

(၁) ကုမ္ပဏီ၏မှတ်ပုံတင်ထားသည့်ရုံးတွင် ပုံနှိပ်ထားသည့်ပုံစံ၊

(၂) ကုမ္ပဏီ၏ဝက်(ဘ်)ဆိုက်တွင် အီလက်ထရောနစ်ပုံစံ။

(ဂ ) စာရင်းဝင်ကုမ္ပဏီသည် ၎င်း၏နှစ်ပတ်လည်အစီရင်ခံစာ ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာများကိုယင်း၏ငွေချေးသက်သေခံလက်မှတ်များ စာရင်းဝင်ထားသောစတော့အိပ်ချိန်း၏စည်းမျဉ်းစည်းကမ်းများနှင့်အညီအများပြည်သူသိရှိစေရန် ပြုလုပ်ရမည်။

၁၂၅။ (က) အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် တင်ပြသည့် နှစ်ပတ်လည် အစီရင်ခံစာ ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာများတွင် မပြည့်စုံသည့် ဖော်ပြချက်များ သို့မဟုတ် ပြင်ဆင်ရန်လိုအပ်သည့် ဖော်ပြချက် သို့မဟုတ် စာရွက်စာတမ်းကို တွေ့ရှိပါက ကော်မရှင်သို့ ပြင်ဆင်ချက်ကို တင်ပြရမည်။

(ခ ) ကော်မရှင်သည်တင်ပြသည့်နှစ်ပတ်လည်အစီရင်ခံစာ၊နှစ်ဝက်အစီရင်ခံစာနှင့်အထူး အစီရင်ခံစာများတွင် ပုံစံတကျဖော်ပြမှုလိုအပ်ကြောင်း သို့မဟုတ် အရေးကြီးသည့် ကိစ္စရပ်များတွင် လုံလောက်မှုမရှိသည့် ဖော်ပြချက်များ ပါဝင်နေကြောင်း တွေ့ရှိရပါကအစီရင်ခံစာတင်ပြသည့် ကုမ္ပဏီအား ပြင်ဆင်ချက်တင်ပြရန် အမိန့်ပေးနိုင်သည်။

(ဂ ) ကော်မရှင်သည်တင်ပြသည့်နှစ်ပတ်လည်အစီရင်ခံစာ၊နှစ်ဝက်အစီရင်ခံစာနှင့်အထူး

အစီရင်ခံစာများတွင်မမှန်ကန်သောသို့မဟုတ်အထင်အမြင်မှားစေသော ဖော်ပြချက်များပါဝင်ခြင်း သို့မဟုတ် အရေးကြီးသော သတင်းအချက်အလက် ထိန်ချန်မှုများ ရှိနေခြင်းကိုတွေ့ရှိရပါ က အစီရင်ခံစာတင်ပြသည့် ကုမ္ပဏီအား ပြင်ဆင်ချက်တင်ပြရန် အမိန့်ပေးနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) ၊ (ဂ) တို့အရ ကော်မရှင်သို့ တင်ပြသည့် ပြင်ဆင်ချက်တစ်ရပ်ကို နည်းဥပဒေ ၁၂၄ တွင် ပြဋ္ဌာန်းထားသည့် အလားတူ နည်းလမ်းအတိုင်း အများပြည်သူသိရှိစေရန်နှင့် ရရှိနိုင်စေရန် ဆောင်ရွက်ရမည်။

၁၂၆။ ဥပဒေ ၊ နည်းဥပဒေများနှင့် ကော်မရှင်မှသတ်မှတ်ချက်များအရ ကော်မရှင်သို့ တင်ပြရန်လိုအပ်သည့် အစီရင်ခံစာ သို့မဟုတ် အခြားစာရွက်စာတမ်းများတွင် မည်သူမျှ မမှန်ကန်သည့် သို့မဟုတ် အထင်အမြင်မှားစေသည့်ဖော်ပြချက် သို့မဟုတ် အရေးကြီးသော သတင်းအချက် အလက်ထိန်ချန်ခြင်းများ မပြုလုပ်ရ။

၁၂၇။ စာရင်းဝင်ကုမ္ပဏီသည် အောက်ဖော်ပြပါ ပြောင်းလဲမှု သို့မဟုတ် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ပြီး ၂ ပတ်အတွင်း ကော်မရှင်သို့ စာဖြင့်ရေးသား၍ အကြောင်းကြားရမည်-

(က) စာရင်းဝင်ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လိပ်စာ သို့မဟုတ် လုပ်ငန်းလိပ်စာ ပြောင်းလဲခြင်း၊

(ခ ) စာရင်းဝင်ကုမ္ပဏီ၏ တာဝန်ထမ်းဆောင်ခြင်းမှ ရပ်စဲခံရသော တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဒါရိုက်တာ၊

(ဂ ) စာရင်းဝင်ကုမ္ပဏီ၏အသစ်ဝင်ရောက်လာသောတာဝန်ရှိပုဂ္ဂိုလ်သို့မဟုတ် ဒါရိုက်တာ၏ အမည်နှင့် အချက်အလက်များ။

၁၂၈။ စာရင်းဝင်ကုမ္ပဏီနှင့် ယင်း၏ဒါရိုက်တာများသည် အဆိုပါစာရင်းဝင်ကုမ္ပဏီ၊ ယင်းနှင့်ဆက်နွယ်မှုရှိသောကုမ္ပဏီများ၏ ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးအခြေအနေများကို ပြည့်စုံစွာဖော်ပြထားသည့် စာရင်းမှတ်တမ်းနှင့် အခြားမှတ်တမ်းများကို သိမ်းဆည်းထားရမည်။ ယင်းနှင့်ပူးတွဲတင်ပြရန် လိုအပ်သည့် မှန်ကန်သင့်မြတ်သော အရှုံးအမြတ်စာရင်း ၊ လက်ကျန် ရှင်းတမ်းများနှင့် လိုအပ်သည့် စာရွက်စာတမ်းတစ်ရပ်ရပ်ကို အချိန်အခါအလိုက် ပြုစုထားရှိ ရမည်။ ယင်းမှတ်တမ်းများသည် အဆင်ပြေချောမွေ့စွာနှင့် ပုံမှန်အားဖြင့် စာရင်းစစ်ဆေးပြီး ဖြစ်ရမည်။

၁၂၉။ စာရင်းဝင်ကုမ္ပဏီသည် နည်းဥပဒေ ၁၂၈ တွင်ဖော်ပြထားသည့် မှတ်တမ်းများကို သက်ဆိုင်ရာဆက်စပ်မှုရှိသည့် ဆောင်ရွက်ချက်နှင့် လုပ်ငန်းများပြီးဆုံးပြီးနောက် (၇) နှစ် ထိန်းသိမ်းထားရှိ ရမည်။

၁၃၀။ (က) စာရင်းဝင်ကုမ္ပဏီ၏စာရင်းစစ်သည်တာဝန်များကိုထမ်းဆောင်ရာတွင် အောက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ ထင်မြင်ယူဆချက်ကို ပေးရန် လိုအပ်

သည်ဟု ယူဆပါက စာဖြင့် ရေးသားသည့် အစီရင်ခံစာကို ချက်ခြင်းတင်ပြရမည်။

(၁) ဥပဒေ သို့မဟုတ် ညွှန်ကြားချက်ဥပဒေ တို့ကို ဖောက်ဖျက်မှု သို့မဟုတ် လိုက်နာဆောင်ရွက်ခြင်းမပြုမှုကို ကော်မရှင်သို့ တင်ပြရမည်။

(၂) စတော့အိပ်ချိန်း၏ စာရင်းဝင်ဖြစ်ရန် သတ်မှတ်ချက်များ ဖောက်ဖျက်မှု သို့မဟုတ် လိုက်နာဆောင်ရွက်ခြင်းမပြုမှုကို စတော့အိပ်ချိန်းနှင့် ကော်မရှင်သို့ တင်ပြရမည်။

(၃) အဆိုပါစာရင်းဝင်ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေကိုအရေးကြီးသောအတိုင်းအတာတစ်ခုအထိ ဆိုးကျိုးသက်ရောက်စေသည့် အခြားကိစ္စရပ်ကို စတော့အိပ်ချိန်းနှင့် ကော်မရှင်သို့ တင်ပြရမည်။

(ခ ) ကော်မရှင်သည်စာရင်းစစ်ဆေးစဉ်ကာလ သို့မဟုတ် စာရင်းစစ်ဆေးပြီးကာလတွင် စာရင်းဝင်ကုမ္ပဏီ၏ စာရင်းစစ်အား မည်သည့်အချိန်တွင်မဆို အောက်ပါတို့ကို ပြဋ္ဌာန်းနိုင်သည်-

(၁) ကော်မရှင်မှသတ်မှတ်သည့်စာရင်းစစ်ဆေးခြင်းနှင့်ဆက်စပ်သည့် ထပ်ဆောင်းသတင်းအချက်အလက်များကို တင်ပြခြင်း၊

(၂) အဆိုပါ စာရင်းဝင်ကုမ္ပဏီ၏ လုပ်ငန်းနှင့် ကိစ္စရပ်များနှင့်ပတ်သက်၍ ၎င်း၏ စာရင်းစစ်ဆေးခြင်းအတိုင်းအတာကို ချဲ့ထွင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(၃) သီးသန့်ကိစ္စရပ်တစ်ခုအတွက် သီးခြားစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ချမှတ်ခြင်း၊

(၄) အပိုဒ် (၁)မှ (၃) အထိ စာပိုဒ်များတွင် ဖော်ပြထားသည့် ကိစ္စရပ်တစ်ခုခုနှင့် ပတ်သက်၍ အစီရင်ခံစာတစ်ရပ် တင်ပြခြင်း၊

(၅) အပိုဒ် (၁)မှ (၄) အထိတွင် ဖော်ပြပါရှိသည့် ကိစ္စရပ်တစ်ခုအတွက် ကြားဖြတ်အစီရင်ခံစာကို တင်ပြခြင်းနှင့် အဆိုပါ လိုအပ်ချက်များအနက် တစ်ရပ်ရပ်ကို စာရင်းစစ်မှ ပြုစုရန် အချိန်ကာလကို ကော်မရှင်မှ သတ်မှတ်ပေးနိုင်၍ ယင်းသို့ဆောင်ရွက်ရခြင်းအတွက် အဆိုပါ စာရင်းဝင်ကုမ္ပဏီမှ စာရင်းစစ်သို့ပေးရန် အခကြေးငွေကို သတ်မှတ်ပေးနိုင်သည်။

**အခန်း(၇)**

**စတော့အိပ်ချိန်း**

၁၃၁။ စတော့အိပ်ချိန်းကို ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီးနောက် ဖက်စပ်ကုမ္ပဏီအနေနှင့်ဖြစ်စေ၊ ဖက်စပ်မဟုတ်သည့် ကုမ္ပဏီအနေနှင့်ဖြစ်စေ မြန်မာနိုင်ငံကုမ္ပဏီများနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ ပေးရန်တာဝန်ကန့်သတ်သော ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်နိုင်သည်။ စတော့ဈေးကွက်နှင့်ပတ်သက်၍ စတော့အိပ်ချိန်း၏ လုပ်ငန်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စတော့အိပ်ချိန်းမှ တည်ထောင်သော စတော့ဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများအတွက် နည်းလမ်းနှင့် စနစ်များကို ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် အထောက်အပံ့ပေးခြင်း၊

(ခ) စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်များအတွက် စာရင်းရှင်းလင်းသည့် ဌာနနှင့် ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှုလက်ခံသည့်ဌာနအဖြစ် ဆောင်ရွက်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ၏ အချက်အလက်များနှင့် ပတ်သက်သည့် ဝန်ဆောင်မှု သို့မဟုတ် အလားတူလုပ်ငန်းများအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ)ပါ လုပ်ငန်းများအပြင် ကော်မရှင်၏ အတည်ပြုချက်ဖြင့် အခြားလုပ်ငန်းတစ်ရပ်ရပ်ဆောင်ရွက်ခြင်း။

၁၃၂။ (က) စတော့အိပ်ချိန်းတည်ထောင်လိုသော အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်များပါဝင်သော လျှောက်လွှာကို ကော်မရှင်သို့ တင်ပြရမည်။

(၁) လုပ်ငန်းအမည်၊

(၂) ရုံးချုပ် နှင့်ရုံးခွဲများ အပါအဝင် ရုံးများ၏ တည်နေရာ၊

(၃) ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ အမည်၊

(၄) အစုရှယ်ယာပိုင်ရှင်များ၏ အမည် သို့မဟုတ် လုပ်ငန်းအမည်၊

(၅) ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်သည့် အခြားအသေးစိပ်အချက်အလက်များ။

(ခ) စတော့အိပ်ချိန်းတည်ထောင်လိုသောအဖွဲ့အစည်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများယင်းမှသတ်မှတ်သည့်လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့် ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့်သတ်မှတ်သည့် အခြားစာရွက်စာတမ်းများကို အထက်ဖော်ပြပါ နည်းဥပဒေခွဲ (က) အရ လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရာတွင် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများကို အီလက်ထရောနစ်မှတ်တမ်းဖြင့်ပြုစုထားခြင်းဖြစ်လျှင် ကော်မရှင်မှ ထုတ်ပြန် သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ခွင့်ပြုသည့် စာရွက်စာတမ်းများကို အီလက်ထနောနစ်မှတ်တမ်းဖြင့် တင်ပြနိုင်သည်။

၁၃၃။ (က) စတော့အိပ်ချိန်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် မြန်မာနိုင်ငံ ကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရ ဖော်ပြထားသည့် ကိစ္စရပ်များ ပါဝင်ရမည့်အပြင် အောက်ပါ အချက်အလက်များ ပါဝင်ရမည်။

(၁) ဥပဒေနှင့်စည်းမျဉ်းများ၊စည်းကမ်းများ၊အဆိုပါဥပဒေနှင့်စည်းမျဉ်း၊စည်းကမ်းများကို အခြေခံ၍ အစိုးရအဖွဲ့အစည်းများမှ ချမှတ်ပေးသော အစီအစဉ်များ၊ သို့မဟုတ် စတော့အိပ်ချိန်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ သို့မဟုတ် အခြားစည်းမျဉ်းများ သို့မဟုတ် မျှတ၍ ညီမျှသော ရောင်းဝယ်မှု အခြေခံမှုများအပေါ်စတော့အိပ်ချိန်း၏ရောင်းဝယ်မှုတွင် ပါဝင် ဆောင်ရွက်သူများမှလေးစားလိုက်နာမှုအခြေအနေအား စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊

(၂) စည်းမျဉ်းစည်းကမ်းများပြုစုခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များနှင့်

(၃) စတော့အိပ်ချိန်းဈေးကွက်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ။

(ခ) စတော့အိပ်ချိန်းသည်မိမိတည်ထောင်ထားသော စတော့အိပ်ချိန်း ဈေးကွက်တစ်ခုစီ အတွက် အောက်ပါကိစ္စရပ်များကို စည်းမျဉ်းများ ၊ စည်းကမ်းများတွင် အသေးစိပ် သတ်မှတ်ဖော်ပြရမည်-

(၁) ရောင်းဂယ်မှုတွင် ပါဂင်ဆောင်ရွက်သူများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊

(၂) သီးသန့်ရန်ပုံငွေနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊

(၃) စာရင်းဂင်သတ်မှတ်ခြင်းနှင့်စာရင်းဂင်အဖြစ်မှ ပယ်ဖျက်ခြင်းတို့နှင့် ပတ်သက်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊

(၄) ရောင်းခြင်း၊ဂယ်ခြင်းပြုသည့် ငွေချေးသက်သေခံလက်မှတ် အမျိုးအစားနှင့် ရောင်းဝယ်သည့် အချိန်များ၊

(၅) ငွေချေးသက်သေခံလက်မှတ်များရောင်းခြင်း၊ ဂယ်ခြင်းစတင်မှု၊ ပြီးမြောက်မှုနှင့် ဆိုင်းငံ့မှု၊

(၆) ငွေချေးသက်သေခံလက်မှတ်များရောင်းခြင်း၊ ဂယ်ခြင်း ပဋိညာဉ်စာချုပ်အား အပြီးသတ်ဆောင်ရွက်သည့်နည်းလမ်းများ၊

(၇) စတော့အိပ်ချိန်းတွင်ပြီးမြောက်သည့်ရောင်းဝယ်မှုများနှင့်စပ်လျဉ်း၍လွှဲပြောင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ၊

(၈) ငွေချေးသက်သေခံလက်မှတ်များရောင်းခြင်း၊ဝယ်ခြင်းနှင့်စပ်လျဉ်း၍ အခြား ကိစ္စရပ်။

၁၃၄။ စတော့အိပ်ချိန်းမှတစ်ပါးအခြားမည်သူမျှယင်းတို့၏လုပ်ငန်းများကို ဆောင်ရွက်ရာတွင် "စတော့အိပ်ချိန်း"၏အမည် သို့မဟုတ် ဖော်ပြချက် သို့မဟုတ် အလားတူအဓိပ္ပါယ် သက်ရောက် သော အခြားစကားလုံးများကို မသုံးရ။

၁၃၅။ ဥပဒေပုဒ်မ ၃၈ ၊ ပုဒ်မခွဲ (က) အရ စတော့အိပ်ချိန်းအား ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းရာတွင် ဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (က)တွင် ရည်ညွှန်းသည့် အဖွဲ့ဝင်ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများဆိုသည့် စကားရပ်သည် စတော့အိပ်ချိန်း၏ အစုရှယ်ယာပိုင်ရှင်များကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။ ဥပဒေပုဒ်မ ၄၁ နှင့် ၄၂ တို့တွင် ရည်ညွှန်းသည့် အဖွဲ့ဝင် ဆိုသည့် စကားရပ်သည် ရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်သူဟု မှတ်ယူရမည်။

၁၃၆။ ဤနည်းဥပဒေများကိုစွရပ်အလို့ငှာစတော့အိပ်ချိန်းတွင်ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအတွက် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် စတော့အိပ်ချိန်း၏ ရောင်းဝယ်မှုတွင် ပါဝင် ဆောင်ရွက်သူတစ်ဦး ဖြစ်ရမည်။

၁၃၇။ စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်များ မျှတ၍ ချောမွေ့သောရောင်းခြင်း၊ ဝယ်ခြင်း အား အဟန့်အတားမဖြစ်စေရန် ကော်မရှင်မှ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ သို့မဟုတ် စတော့အိပ်ချိန်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများဖြင့် သတ်မှတ်သည်မှအပ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီတစ်ခုသည် စာရင်းဝင်ထားသည့် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်၏ ရောင်းခြင်း၊ ဝယ်ခြင်းကို ယင်း၏စာရင်း သို့မဟုတ် အခြားသူများ၏စာရင်းဖြင့် စတော့ အိပ်ချိန်းဈေးကွက်၏ ပြင်ပတွင် ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် စာရင်းဝင်ထားသည့် ငွေချေး သက်သေခံလက်မှတ်တစ်ရပ်၏ ရောင်းခြင်း၊ ဝယ်ခြင်းအား ကြားခံအဖြစ် ဝန်ဆောင်မှုပေးရာ၌ စတော့အိပ်ချိန်းဈေးကွက်၏ ပြင်ပတွင် ယင်းရောင်းဝယ်မှု ပြီးမြောက်စေရန် ဆောင်ရွက်ခြင်း မပြုရ။

၁၃၈။ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့တွင်ကော်မရှင်မှ ခန့်အပ်သည့် ငါးဦးထက်မပိုသော ပုဂ္ဂိုလ်များနှင့် စတော့အိပ်ချိန်း၏ အစုရှယ်ယာပိုင်ရှင်များမှ ရွေးချယ်သည့် ငါးဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာတို့ကို ဒါရိုက်တာများအတွင်းမှ ကော်မရှင်၏ အတည်ပြုချက်ဖြင့် ရွေးချယ်ခန့်ထားရမည်။

၁၃၉။ ကော်မရှင်မှခန့်အပ်သည့် ပုဂ္ဂိုလ်များသည် စတော့အိပ်ချိန်း၏ လုပ်ငန်းများနှင့် ငွေချေး သက်သေခံလက်မှတ်လုပ်ငန်း သို့မဟုတ် ငွေရေးကြေးရေးလုပ်ငန်းများတွင် အထူးဗဟုသုတ ပြည့်စုံ၍ အတွေ့အကြုံရှိရမည်။

၁၄၀။ စတော့အိပ်ချိန်း၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ဒါရိုက်တာများအတွက်ချီးမြှင့်ငွေကို စတော့ အိပ်ချိန်းအစုရှယ်ယာပိုင်ရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ရမည်။

၁၄၁။ အုပ်ချုပ်မှုဒါရိုက်တာ အပါအဝင် စတော့အိပ်ချိန်း၏ ဒါရိုက်တာများသည် အောက်ပါတို့ မဖြစ်စေရ-

(က) လူမွဲစာရင်းဝင်ဖြစ်နေသူ၊

(ခ ) ပေါ့ဆမှုဖြင့်ကျူးလွန်သောပြစ်မှုသို့မဟုတ်သာမန်ပြစ်မှုများမှအပ တရားရုံးတစ်ခု၏ အပြီးသတ် ဆုံးဖြတ်ချက်အရ ပြစ်ဒဏ်စီရင်ခြင်းခံရပြီး ထောင်ဒဏ်တစ်ရပ် ချမှတ်ခံရသူ၊

(ဂ) နိုင်ငံရေးအဖွဲ့အစည်းတစ်ခုတွင် ရာထူး တစ်ခုခုရရှိထားသူ သို့မဟုတ် နိုင်ငံရေးနှင့် ပတ်သက်သော အရာရှိ ဖြစ်သူ၊

(ဃ) ကော်မရှင်၏ ဆုံးဖြတ်ချက်တစ်ရပ်အရ ရာထူးမှ ဖယ်ရှားခြင်းခံရသည့် ဒါရိုက်တာ ဖြစ်သူ။

၁၄၂။ စတော့အိပ်ချိန်းဒါရိုက်တာများ၏ ရာထူးသက်တမ်းသည် ၂ နှစ် ရှိရမည်။ ပထမ သက်တမ်း၏ ပထမနှစ်ကုန်ဆုံးသောအခါ ကော်မရှင်မှ ခန့်ထားသော ဒါရိုက်တာ ၂ ဦးနှင့် စတော့အိပ်ချိန်း၏ အစုရှယ်ယာပိုင်ရှင်များမှ ရွေးချယ်သော ဒါရိုက်တာ ၂ ဦးတို့သည် စတော့ အိပ်ချိန်းဒါရိုက်တာအဖွဲ့ ၏ ဆုံးဖြတ်ချက်အရ အနားယူရမည်။

၁၄၃။ ရာထူးသက်တမ်းကုန်ဆုံး၍ အနားယူသော ဒါရိုက်တာများအား ပြန်လည်၍ ခန့်အပ်နိုင် သည်။ သို့သော် ဒါရိုက်တာများသည် ရာထူးသက်တမ်းကို ဆက်တိုက်နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမပြုရ။

၁၄၄။ စတော့အိပ်ချိန်း၏ဒါရိုက်တာရာထူးသည်ရာထူးသက်တမ်းကုန်ဆုံးခြင်းအပြင်အောက်ပါ အချက်များအရ လစ်လပ်နိုင်သည်။

(က) သေဆုံးခြင်း၊

(ခ ) နုတ်ထွက်ခြင်း၊

(ဂ ) ကော်မရှင်၏ဆုံးဖြတ်ချက်ဖြင့်ဖယ်ရှားခြင်း၊

(ဃ) နည်းဥပဒေ ၁၃၉ နှင့် ၁၄၁ ပါ စံသတ်မှတ်ချက်တစ်ခုခုကို ကျင့်သုံးခြင်း။

၁၄၅။ စတော့အိပ်ချိန်းဒါရိုက်တာတစ်ဦး၏ ရာထူးသက်တမ်း မကုန်ဆုံးမီ လစ်လပ်ပါက ကော်မရှင် သို့မဟုတ် စတော့အိပ်ချိန်း၏ အစုရှယ်ယာပိုင်ရှင်များသည် အခြားတစ်ဦးအား တာဝန်ထမ်းဆောင်စေရန် လစ်လပ်သည့်ကိစ္စရပ်အလိုက် ခန့်အပ်ခြင်း သို့မဟုတ် ရွေးချယ်ခြင်း ပြုရမည်။ အသစ်ခန့်အပ်ခြင်းခံရသူသည် ယခင် တာဝန်ထမ်းဆောင်ခဲ့သူ၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။

၁၄၆။ စတော့အိပ်ချိန်း၏အုပ်ချုပ်မှုဒါရိုက်တာသည်-

(က) စတော့အိပ်ချိန်း၏ဒါရိုက်တာအဖွဲ့ကသတ်မှတ်သည့်လစာနှင့် အခြားချီးမြှင့်ငွေများ ရရှိရမည်။

(ခ ) စတော့အိပ်ချိန်းအတွက် အချိန်ပြည့် တာဝန်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဂ ) ရာထူးသက်တမ်းတစ်ခုသည် ၄ နှစ်ထက် မကျော်လွန်စေရန်နှင့် ရာထူးသက်တမ်း

ကုန်ဆုံးပြီးနောက် ပြန်လည်ခန့်ထားနိုင်သော်လည်း ကော်မရှင်၏ စာဖြင့်ရေးသား သည့် အတည်ပြုချက်မရရှိဘဲ ရာထူးသက်တမ်းကို ဆက်တိုက် နှစ်ကြိမ်ထက် ပို၍ ထမ်းဆောင်ခြင်းမပြုရ။

၁၄၇။ စတော့အိပ်ချိန်း၏အုပ်ချုပ်မှုဒါရိုက်တာအား ခန့်ထားခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းအတွက်စတော့အိပ်ချိန်းဒါရိုက်တာများ၏အစည်းအဝေးဆုံးဖြတ်ချက်သည်စတော့အိပ်ချိန်းဒါရိုက်တာများ၏ ဆန္ဒမဲ လေးပုံသုံးပုံအောက်မနည်းမှသာ အတည်ဖြစ်သည်။

၁၄၈။ စတော့အိပ်ချိန်း၏ အုပ်ချုပ်မှုဒါရိုက်တာသည် စတော့အိပ်ချိန်း၏ လုပ်ငန်းများနှင့် ဝန်ထမ်းများကို စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံအုပ်ချုပ် ခွင့်အာဏာရှိသည်။

၁၄၉။ စတော့အိပ်ချိန်း၏အုပ်ချုပ်မှုဒါရိုက်တာသည်စတော့အိပ်ချိန်း၏ လုပ်ငန်းကို စီမံအုပ်ချုပ် ရာတွင် စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့ကို တာဝန်ခံရမည်။

၁၅၀။ စတော့အိပ်ချိန်း၏အုပ်ချုပ်မှုဒါရိုက်တာသည်စတော့အိပ်ချိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြင်ပပုဂ္ဂိုလ်များနှင့်ဆက်သွယ်ရာတွင်စတော့အိပ်ချိန်းကိုကိုယ်စားပြုရမည်။ စတော့အိပ်ချိန်း၏ အုပ်ချုပ်မှုဒါရိုက်တာသည် စတော့အိပ်ချိန်းလုပ်ငန်းကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် အခြား ပုဂ္ဂိုလ်တစ်ဦးဦးအား လုပ်ပိုင်ခွင့်အပ်နှင်းရာ၌စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့မှ သတ်မှတ်သည့် စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများနှင့် ဆန့်ကျင်ခြင်းမရှိသည်အထိ လုပ်ပိုင်ခွင့်အား လွှဲအပ် နိုင်သည်။

၁၅၁။ စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့သည် စတော့အိပ်ချိန်း၏ အုပ်ချုပ်မှုဒါရိုက်တာရာထူး လစ်လပ်သွားလျှင် သို့မဟုတ် အုပ်ချုပ်မှုဒါရိုက်တာသည် ယင်း၏တာဝန်များကို ထမ်းဆောင် နိုင်ခြင်းမရှိလျှင် စတော့အိပ်ချိန်း၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား စတော့အိပ်ချိန်း၏ အုပ်ချုပ်မှု ဒါရိုက်တာတာဝန်များကို ထမ်းဆောင်ရန် ယာယီခန့်အပ်ရမည်။ ယင်းသို့ ခန့်အပ်ခြင်းခံရသူသည် စတော့အိပ်ချိန်း အုပ်ချုပ်မှုဒါရိုက်တာ၏ တာဝန်နှင့် အခွင့် အာဏာများ ရှိရမည်။

၁၅၂။ စတော့အိပ်ချိန်း၏ဒါရိုက်တာအဖွဲ့သည်မူဝါဒများ ချမှတ်ရန်၊ သက်ဆိုင်သောကိစ္စရပ်များ အတွက် လိုအပ်သော စည်းမျဉ်းများ၊ စည်းကမ်းများ ထုတ်ပြန်ရန် ၊ စတော့အိပ်ချိန်း၏ လုပ်ငန်း များ ဆောင်ရွက်ရာတွင် ကြီးကြပ်ရန်နှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အထောက်အထားလက်မှတ်ဖြင့် ထုတ်ဝေသည့်ငွေချေးသက်သေခံလက်မှတ်များသို့မဟုတ်အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ် များ၏ ရောင်းဝယ်ခြင်း၊ စာရင်းရှင်းလင်းခြင်းနှင့် ငွေပေးချေခြင်းလုပ်ငန်းများ အဆင်ပြေ ချောမွေ့၍ စွမ်းရည်ပြည့်ဝစေရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းအပါအဝင် အခြားလုပ်ငန်းတာဝန် တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် အခွင့်အာဏာ ရှိသည်။

၁၅၃။ စတော့အိပ်ချိန်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများသည်-

(က) အများပြည်သူအကျိုးကို ပျက်စီးစေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းမရှိရ၊

(ခ ) ရင်းနှီးမြှုပ်နှံသူများအားအကာအကွယ်ပေးရန်နှင့်ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကို ထိန်းသိမ်းနိုင်ရန် လုံလောက်မှုရှိရမည်။

၁၅၄။ စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့သည်

(က) စတော့အိပ်ချိန်းကသတ်မှတ်သည့်စည်းမျဉ်း၊စည်းကမ်း၊သတ်မှတ်ချက်နှင့်လုပ်ငန်းစဉ်များအရရောင်းဝယ်မည့်ငွေချေးသက်သေခံလက်မှတ်များကို မှတ်ပုံတင်ခွင့်ရှိရမည်၊

(ခ ) စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်တစ်ရပ် သို့မဟုတ် စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်အားလုံးရောင်းဝယ်ခြင်းပြုရာတွင် လွယ်ကူချောမွေ့စွာ ရောင်းဝယ်မှုသင့်တင့်မျှတသောဈေးနှုန်းဖွဲ့စည်းမှုအား မဖြစ်နိုင် (သို့မဟုတ်) မဖြစ်စေနိုင်ဟု စတော့အိပ်ချိန်းကယူဆပါက သင့်လျော်သည့်အချိန်ကာလကိုသတ်မှတ်၍ စတော့အိပ်ချိန်း၏စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်တစ်ရပ် သို့မဟုတ် စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်များအားလုံး ရောင်းဝယ်ခြင်းကို ယာယီ ရပ်ဆိုင်းခွင့်ရှိသည်၊

(ဂ ) ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူတစ်ဦး၏ရောင်းဝယ်မှုသည်စတော့ဈေးကွက်အတွင်းလွယ်ကူချောမွေ့သောရောင်းဝယ်မှုနှင့်သင့်တင့်မျှတသော ဈေးနှုန်းရရှိရေးအားဟန့်တားစေပြီးယင်းရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူ၏ လုပ်ငန်းသည် ရင်းနှီးမြှုပ်နှံသူများ၏အကျိုးကိုသိသာစွာထိခိုက်စေလျှင်အဆိုပါ ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူအား စတော့အိပ်ချိန်းတွင် စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ခြင်းကို သင့်လျော်သော ကာလသတ်မှတ်၍ ယာယီတားမြစ်ခွင့်ရှိသည်၊

(ဃ) စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်များ ရုပ်သိမ်းခြင်းနှင့် ပတ်သက်သောစည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်နှင့် လုပ်ငန်းစဉ်များအရ စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်များအား စတော့အိပ်ချိန်းမှ ရုပ်သိမ်းခွင့်ရှိသည်။

၁၅၅။ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် နည်းဥပဒေ ၁၅၄၊ နည်းဥပဒေ ခွဲ (ခ) နှင့် (ဂ) အရ မိမိ၏ လုပ်ပိုင်ခွင့်ကို အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့၏ အစည်း အဝေးဆုံးဖြတ်ချက်အရ ခန့်အပ်သည့် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်နိုင်သည်။

၁၅၆။ စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များအား စာရင်းဝင်အဖြစ် လက်ခံ ခြင်းနှင့် စာရင်းဝင်အဖြစ်မှ ရုပ်သိမ်းခြင်း ကြေငြာချက်အား စတော့အိပ်ချိန်းရုံး၏ ထင်ရှား မြင်သာသောနေရာတွင် ကပ်ထားရမည်ဖြစ်ပြီး အဆိုပါငွေချေးသက်သေခံလက်မှတ်များကို စာရင်းဝင်အဖြစ်လက်ခံခြင်း သို့မဟုတ် စာရင်းဝင်အဖြစ်မှ ရုပ်သိမ်းခြင်းအား ထိုသို့ ဆောင်ရွက် သည့် ရက်မတိုင်မီ ကြိုတင်၍ အများပြည်သူသို့ ထုတ်ဖော်ပြသရမည်။

၁၅၇။ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် ဥပဒေ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် စတော့အိပ်ချိန်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖေါက်ဖျက် သည့် သို့မဟုတ် ဖေါက်ဖျက်ရန် အလားအလာရှိသည့် စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ တစ်ခုအားဖေါက်ဖျက်မှုကို ကြီးကြပ်ကွပ်ကဲရန်၊ စတော့အိပ်ချိန်း၏လုပ်ငန်းများအား နည်းလမ်း မှန်ကန်စွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏အကျိုးကို ကာကွယ် နိုင်ရန်အတွက် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် ညွှန်ကြားပိုင်ခွင့်ရှိသည်။

၁၅၈။ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် စတော့အိပ်ချိန်း၏စာရင်းဝင်ကုမ္ပဏီတစ်ခုက အဆိုပါ စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ အမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်ကိစ္စရပ်တွင် နည်းဥပဒေ ၁၅၄၊ နည်းဥပဒေ ခွဲ (ခ) သို့မဟုတ် (ဃ) အရ အခွင့်အာဏာကို ကျင့်သုံးနိုင်သည်။

၁၅၉။ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့မှ တာဝန် သတ်မှတ်ပေးသော စတော့အိပ်ချိန်း၏လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်အတွက် စတော့ အိပ်ချိန်း၏ ဆပ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် အခွင့်အာဏာရှိသည်။ စတော့အိပ်ချိန်း၏ ဆပ်ကော်မတီအဖွဲ့ဝင်များသည် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့မှ သတ်မှတ်သည့် ချီးမြှင့်ငွေ ကို ရရှိရမည်။

၁၆၀။ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် စာရင်းစစ်မှ တရားဝင် အတည်ပြုထားသော လက်ကျန်ရှင်းတမ်းနှင့် နှစ်စဉ်အရှုံးအမြတ်စာရင်း တစ်စောင်ကို စတော့အိပ်ချိန်း၏ အစု ရှယ်ယာပိုင်ရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ၄ လအတွင်း တင်ပြရမည်။

၁၆၁။ စတော့အိပ်ချိန်း၏ အစုရှယ်ယာပိုင်ရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသည် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့မှ အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်များမှ စာရင်းစစ် တစ်ဦးကို ကော်မရှင် ၏ကြိုတင်ခွင့်ပြုချက်ဖြင့် ခန့်ထားရမည်ဖြစ်ပြီး ယင်းစာရင်းစစ်အတွက် ချီးမြှင့်ငွေကိုဆုံးဖြတ်ရမည်။စာရင်းစစ်ခန့်ထားခြင်းသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီဖြစ်ရမည်။ စာရင်းစစ်သည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအရ လိုင်စင်ရစာရင်းစစ်ဖြစ်ပြီး စတော့အိပ်ချိန်း၏ ဒါရိုက်တာ၊ အုပ်ချုပ်မှု ဒါရိုက်တာ၊ အရာရှိနှင့်ဝန်ထမ်းတစ်ဦး မဖြစ်စေရ။

၁၆၂။ စာရင်းစစ်သည် စတော့အိပ်ချိန်း၏ စာရင်းများနှင့် စာရွက်စာတမ်းများအားလုံးကို စစ်ဆေးရန် အခွင့်အာဏာရှိပြီး စတော့အိပ်ချိန်း၏ ဒါရိုက်တာများ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အရာရှိနှင့် ဝန်ထမ်းများထံမှ ရှင်းလင်းချက်များ တောင်းခံနိုင်သည်။

၁၆၃။ စတော့အိပ်ချိန်း၏ဒါရိုက်တာအဖွဲ့သည် လက်ကျန်ရှင်းတမ်း၊ နှစ်စဉ်အရှုံးအမြတ်စာရင်း၊ ပြုစုထားရှိသည့် အစီရင်ခံစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများကို ဥပဒေအရ ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ ကော်မရှင်သို့ တင်ပြရမည်။

၁၆၄။ စတော့အိပ်ချိန်း သို့မဟုတ် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့မှ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသော ပုဂ္ဂိုလ်တစ်ဦးသည် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့မှ သတ်မှတ်သော စည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ အကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရန်အတွက် စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီတစ်ခုအား သတင်းအချက်အလက်များကို အများပြည်သူသို့ ထုတ်ဖော်ပြသ စေရန် ညွှန်ကြားနိုင်သည့် အခွင့်အာဏာရှိသည်။

၁၆၅။ ကော်မရှင်သည်အများပြည်သူနှင့် နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်မည့်ထိခိုက်မှုကို ကာကွယ်ရန်အတွက် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) စတော့အိပ်ချိန်း၏ စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှု အားလုံးကို သင့်လျော်သည့်အချိန်သတ်မှတ်၍ ယာယီရပ်ဆိုင်းခွင့်ရှိသည်။

(ခ ) ကော်မရှင်ကသင့်လျော်သည်ဟု ယူဆသော မည်သည့်ကိစ္စရပ်ကိုမဆို လိုက်နာရန် စတော့အိပ်ချိန်း၏ဒါရိုက်တာအဖွဲ့သို့မဟုတ် အုပ်ချုပ်မှုဒါရိုက်တာအား ညွှန်ကြားပိုင်ခွင့်ရှိသည်။

၁၆၆။ ကော်မရှင်သည် နည်းဥပဒေ ၁၆၅ အရ ယင်း၏လုပ်ပိုင်ခွင့်ကိုကျင့်သုံးရာတွင် စာဖြင့်ရေးသားသည့် အမိန့်ကို ထုတ်ပေးရမည့်အပြင် စတော့အိပ်ချိန်းရုံး၏ မြင်သာသောနေရာတွင် ယင်းအမိန့်ကို ကပ်ခြင်းနှင့် သင့်လျော်သည့် နည်းလမ်းဖြင့် အများပြည်သူသိရှိစေခြင်းတို့ကို ပြုလုပ်ရမည်။

၁၆၇။ စတော့အိပ်ချိန်းသည် ရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးကို အရည်အချင်း မပြည့်ဝမှုကြောင့် ရပ်ဆိုင်းသည့်အခါ အဆိုပါရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်သူ၏ ရောင်းဝယ်မှုများကို ပြီးမြောက်အောင် ဆောင်ရွက်ခွင့်ပြုရမည်။

၁၆၈။ (က) စတော့အိပ်ချိန်းသည် အောက်ပါအချက်များကို သိရှိပါက ကော်မရှင်သို့ ချက်ခြင်း

အသိပေးရမည်-

(၁) ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူမည်သူမဆိုဥပဒေ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်မှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရသတ်မှတ်ပြဋ္ဌာန်းသည့်အနည်းဆုံး ငွေရေးကြေးရေး လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်သည့် အရည်အချင်းအပါအဝင် ယင်း၏ ငွေချေး သက်သေခံလက်မှတ်ရောင်းဝယ်ခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် တာဝန်များ ကိုထမ်းဆောင်ရာတွင် ယင်း၏ ဆောင်ရွက်နိုင်စွမ်းကို ဆိုးဝါးစွာ ထိခိုက်စေ သည့် သို့မဟုတ် ဆိုးဝါးစွာထိခိုက်နိုင်ဖွယ်ရှိသည့်ကိစ္စရပ်၊

(၂) ပုံမှန်မဟုတ်မှု တစ်ရပ်ကိုဖြစ်စေ၊ ဥပဒေ၊ ဤနည်းဥပဒေများနှင့် ကော်မရှင်မှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များပါ ပြဋ္ဌာန်းချက်သို့မဟုတ်စတော့အိပ်ချိန်း၏စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖေါက်မှုဖြစ်စေ ၊ စတော့အိပ်ချိန်း၏ ထင်မြင်ချက်တွင် ရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးသို့မဟုတ် ရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်သူ၏ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်များ၏ ငွေရေးကြေးရေး အဆင့်အတန်း သို့မဟုတ် ငွေရေးကြေးရေး စုစည်းနိုင်မှုကို ယုံမှားသံသယဖြစ်ဖွယ်ရှိစေမှု သို့မဟုတ် ကျိုးကြောင်းဆီလျော်သော ထိခိုက်မှုကို ညွှန်ပြသည့် သို့မဟုတ် ညွှန်ပြနိုင်သည့် ကိစ္စရပ်။

(ခ) စတော့အိပ်ချိန်းသည်မိမိ၏ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးအားအပြစ် ထုတ်ဖော်သတိပေးခြင်း၊ငွေဒဏ်ချမှတ်ခြင်း၊လုပ်ငန်းရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စည်းကမ်းထိန်းသိမ်း အရေးယူခြင်းများ ပြုလုပ်လျှင် အောက်ပါအချက်များကို ကော်မရှင်သို့ (၇) ရက်အတွင်း စာဖြင့်ရေးသား၍ ပေးပို့ရ မည်။

(၁) ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူ၏ လုပ်ငန်းအမည်နှင့်လိပ်စာ၊

(၂) အရေးယူခံရသည့်အကြောင်းရင်းနှင့် သဘောသဘာဝ၊

(၃) ဒဏ်ကြေးသင့်ငွေ (ရှိလျှင်)၊

(၄) ရပ်ဆိုင်းသည့်ကာလ (ရှိလျှင်)။

(ဂ ) စတော့အိပ်ချိန်းသည်နည်းဥပဒေ ၁၅၄ ၊ နည်းဥပဒေခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များအရ စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ခြင်းအား ရပ်ဆိုင်းပြီးပါက သို့မဟုတ် ရပ်ဆိုင်းခြင်းကို ပယ်ဖျက်ပြီးပါက နှောင့်နှေးမှုမရှိဘဲ ကော်မရှင်သို့ အသိပေးရမည်။

## အခန်း(၈)
## ကောင်တာဈေးကွက်

၁၆၉။ သုံးခုထက်မနည်းသောငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ကောင်တာဈေးကွက် အဖွဲ့ဝင်များအဖြစ် စုပေါင်း၍ ကောင်တာဈေးကွက် တည်ထောင်ရန် ကော်မရှင်သို့ လျှောက်ထား ပြီး ခွင့်ပြုမိန့်ရရှိလျှင် ကောင်တာဈေးကွက်တစ်ခုကို တည်ထောင်နိုင်သည်။

၁၇၀။ (က) ကောင်တာဈေးကွက်အတွက်ခွင့်ပြုမိန့်ရရှိလိုသည့်ပုဂ္ဂိုလ်တစ်ဦးသည် ကော်မရှင်သို့ အောက်ပါအချက်များပါဝင်သည့် လျှောက်လွှာကို တင်ပြရမည်-

(၁) ကောင်တာဈေးကွက်၏အမည်၊

(၂) ရုံးချုပ် နှင့် ရုံးခွဲများ အပါအဝင် ရုံးများ၏တည်နေရာ၊

(၃) ကောင်တာဈေးကွက်ကို တည်ထောင်သည့် အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အမည်၊

(၄) ဒါရိုက်တာနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၏အမည်၊

(၅) မတည်ငွေရင်းနှင့်ယင်းမတည်ငွေရင်းရရှိရာ အရင်းအမြစ်၊

(၆) ကောင်တာဈေးကွက်၏စည်းမျဉ်းစည်းကမ်းများ၊

(၇) ကောင်တာဈေးကွက် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများ၊

(၈) ကောင်တာဈေးကွက် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများနှင့် စပ်လျဉ်းသည့် အခြားစာရွက်စာတမ်းများ၊

(၉) ကော်မရှင်မှထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများအရသတ်မှတ်ဖော်ပြသောအခြားအသေးစိပ်အချက်အလက်များ။

(ခ) ကောင်တာဈေးကွက်၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ အခြားစည်းမျဉ်း၊ စည်းကမ်းများနှင့် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်သည့် အခြားစာရွက်စာတမ်းများကို နည်းဥပဒေခွဲ (က)အရ လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရာတွင် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ခွင့်ပြုပြီး သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို အီလက်ထရောနစ်မှတ်တမ်းဖြင့် ပြုစုထားခြင်းဖြစ်လျှင် စာဖြင့်ရေးသားသည့် စာရွက်စာတမ်းများအစား အီလက်ထရောနစ်မှတ်တမ်းဖြင့် တင်ပြနိုင်သည်။

၁၇၁။ (က) ကောင်တာဈေးကွက်၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင် မြန်မာနိုင်ငံကုမ္ပဏီများနှင့်သက်ဆိုင်သောတည်ဆဲဥပဒေများအရဖော်ပြထားသည့် ကိစ္စရပ်များ ပါဝင်ရမည့်အပြင်အောက်ပါအချက်အလက်များ ပါဝင်ရမည်။

(၁) ရည်ရွယ်ချက်၊

(၂) အမည်၊

(၃) ရုံးချုပ်နှင့် ရုံးခွဲများအပါအဝင် ရုံးများ၏တည်နေရာ၊

(၄) အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် အကြောင်း

အရာများ၊

(၅) အထွေထွေအစည်းအဝေးနှင့်စပ်လျဉ်းသည့်အကြောင်းအရာများ၊

(၆) ဒါရိုက်တာနှင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့်စပ်လျဉ်းသည့်အကြောင်းအရာများ၊

(၇) ဒါရိုက်တာအဖွဲ့အစည်းအဝေးနှင့် အခြားအစည်းအဝေးများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊

(၈) လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့်အကြောင်းအရာများ၊

(၉) စည်းမျဉ်း၊ စည်းကမ်းများ ပြုစုထားခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊

(၁၀)ကောင်တာဈေးကွက်နှင့် စပ်လျဉ်သည့်ကိစ္စရပ်များ၊

(၁၁)ဥပဒေနှင့်စည်းမျဉ်း၊ စည်းကမ်းများ၊ အဆိုပါ ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို အခြေခံ၍ အစိုးရအဖွဲ့အစည်းများမှ ချမှတ်ပေးသော အစီအစဉ်များ၊ သို့မဟုတ်ကောင်တာဈေးကွက်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ သို့မဟုတ် အခြားစည်းမျဉ်းများ သို့မဟုတ် မျှတ၍ ညီမျှသော ရောင်းဝယ်မှု အခြေခံမှုများအပေါ် ကောင်တာဈေးကွက်၏ အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ လေးစားလိုက်နာမှု အခြေအနေကို စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊

(၁၂)အဖွဲ့ဝင်ကြေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊

(၁၃)ပိုင်ဆိုင်သည့် ပစ္စည်းများ ၊ စာရင်းများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများ နှင့်

(၁၄)အများပြည်သူသို့အသိပေးသည့်နည်းလမ်းများ။

(ခ ) ကောင်တာဈေးကွက်သည်မိမိ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်ပြောင်းလဲလိုပါက ကော်မရှင်၏ ခွင့်ပြုချက်ကို ရယူရမည်။

(ဂ ) ရုံးချုပ်နှင့်ရုံးခွဲများအပါအဝင်ရုံးများ၏တည်နေရာ သို့မဟုတ် ဒါရိုက်တာ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၏အမည်နှင့်လက်ရှိအဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အမည်တို့ ပြောင်းလဲမှုရှိလျှင် ကောင်တာဈေးကွက်သည် ကော်မရှင်သို့ နှောင့်နှေးမှု မရှိဘဲအကြောင်းကြားရမည်။ကောင်တာဈေးကွက်၏စည်းမျဉ်း၊ စည်းကမ်းများကို ပြုစုခြင်း၊ပြောင်းလဲခြင်းသို့မဟုတ်ဖျက်သိမ်းခြင်းကိစ္စရပ်တို့တွင်လည်း ထိုကဲ့သို့ပင် လိုက်နာဆောင်ရွက်ရမည်။

၁၇၂။ ကောင်တာဈေးကွက်သည် မိမိ၏စည်းမျဉ်း၊ စည်းကမ်းများတွင် အောက်ပါကိစ္စရပ်များ၌ အသေးစိပ်သတ်မှတ်ဖော်ပြရမည်။

(က) ရောင်းဝယ်မှုတွင်ပါဝင်ဆောင်ရွက်သူများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊

(ခ ) သီးသန့်ရန်ပုံငွေနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊

(ဂ) ရောင်းဝယ်သည့် ငွေချေးသက်သေခံလက်မှတ်များအတွက် မှတ်ပုံတင်ခြင်း နှင့်ပတ်သက်သည့် စံသတ်မှတ်ချက်၊ ဆောင်ရွက်သည့် နည်းလမ်းများနှင့် ၎င်းတို့အား

ပယ်ဖျက်ခြင်း၊

(ဃ) ရောင်းခြင်း၊ဝယ်ခြင်းပြုသည့် ငွေချေးသက်သေခံလက်မှတ်အမျိုးအစားနှင့် ရောင်းဝယ်သည့်အချိန်၊

(င) ငွေချေးသက်သေခံလက်မှတ်များရောင်းခြင်း၊ ဝယ်ခြင်းစတင်မှု၊ ပြီးမြောက်မှုနှင့်ဆိုင်းငံ့မှု၊

(စ) ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှု ပဋိညာဉ်စာချုပ်များအား အပြီးသတ်ဆောင်ရွက်သည့်နည်းလမ်းများ၊

(ဆ) ရောင်းဝယ်မှုပြီးမြောက်သည့် ငွေချေးသက်သေခံလက်မှတ်များအား လွှဲပြောင်းပေးခြင်းနှင့်အခြားငွေပေးချေခြင်းနည်းလမ်းများ၊

(ဇ) အထက်တွင် မပါဝင်သော ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သော အကြောင်းအရာများ။

၁၇၃။ ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်းတို့ကို ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ရမည်။

၁၇၄။ ကောင်တာဈေးကွက်သည် လုပ်ငန်းစတင် တည်ထောင်ချိန်တွင် မိမိ၏ စည်းမျဉ်း၊ စည်းကမ်းများကို ကော်မရှင်၏ ကြိုတင်အတည်ပြုချက်ရရှိရန်အတွက် ကော်မရှင်သို့ တင်ပြ ရမည်ဖြစ်ပြီး မိမိ၏ အဖွဲ့ဝင်များနှင့်သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများ နောက်ဆက်တွဲ ပြောင်းလဲမှုနှင့် ပြုပြင်မွမ်းမံမှုများရှိပါက ကော်မရှင်၏ ကြိုတင် အတည်ပြုချက်ရရှိရန် ကော်မရှင်သို့ တင်ပြရမည်။

၁၇၅။ ကောင်တာဈေးကွက်သည် ဥပဒေ၊ ဤနည်းဥပဒေများ၊ ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကောင်တာဈေးကွက်၏ စည်းမျဉ်း၊ စည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား လက်ရှိအဖွဲ့ဝင်များက လိုက်နာရန် ကတိကဝတ်ပြုစေရမည်။ကောင်တာဈေးကွက်သည် အဖွဲ့ဝင်တစ်ဦးမှဥပဒေ၊ ဤနည်းဥပဒေများ၊ ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကောင်တာဈေးကွက်၏ စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်း ရှိခဲ့လျှင် ယင်းအဖွဲ့ဝင်အား အောက်ပါအတိုင်း အပြစ်ပေးရမည်-

(က) ငွေဒဏ်၊

(ခ) ကောင်တာဈေးကွက်တွင် ရောင်းဝယ်ခြင်းမှ ယာယီတားမြစ်ခြင်း၊

(ဂ) အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း။

၁၇၆။ အောက်ပါ အခြေအနေများအနက် တစ်ရပ်ရပ် ပေါ်ပေါက်ပါကကောင်တာဈေးကွက်ကို ဖျက်သိမ်းရမည်-

(က) ကောင်တာဈေးကွက်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင် တရားဝင်

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားသည့် အခြေခံအချက်တစ်ရပ်၊

(ခ ) ယင်း၏အထွေထွေအစည်းအဝေးတွင်မဲပေးပိုင်ခွင့်ရှိသည့်အဖွဲ့ဝင်များ၏ လေးပုံ သုံးပုံ သို့မဟုတ် ယင်းထက်ပိုသောမဲဆန္ဒအရ ကောင်တာဈေးကွက်အား တရားဝင် ဖျက်သိမ်းရန် အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်တစ်ရပ်၊

(ဂ ) အဖွဲ့ဝင်ဦးရေသည် သုံးဦးအောက်လျော့ကျ၍ ထိုကိစ္စရပ်အတွက် ကော်မရှင်မှ တရားဝင်ဖျက်သိမ်းရန် ဆုံးဖြတ်ချက် ထုတ်ပြန်ခြင်း၊

(ဃ) ကောင်တာဈေးကွက်သည် ကြွေးမြီမပေးဆပ်နိုင်သူအဖြစ် ခံယူခြင်း သို့မဟုတ် ယင်းက ပေးချေရန်ကျရောက်သော ကြွေးမြီတစ်ရပ်အား ပေးချေမှုရပ်ဆိုင်းခြင်း၊

(င) ကော်မရှင်သည် ကောင်တာဈေးကွက်အား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ဥပဒေပုဒ်မ ၄၈ အရ ရုပ်သိမ်းခြင်း။

၁၇၇။ နည်းဥပဒေ ၁၇၆၊ နည်းဥပဒေခွဲ (ခ) အရ ဖျက်သိမ်းခြင်းသည် ကော်မရှင်မှ အတည်ပြု ချက်ပေးသည်နှင့် အကျိုးသက်ရောက်စေရမည်။

၁၇၈။ ကောင်တာဈေးကွက်တစ်ရပ်ကို ဖျက်သိမ်းပြီးနောက် ကောင်တာဈေးကွက်၏ သင်းဖွဲ့ မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ သို့မဟုတ် အဖွဲ့ဝင်များနှင့် သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများတွင် အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိပါက ကောင်တာဈေးကွက်၏ ကျန်ရှိသော ပိုင်ဆိုင်ခွင့်များကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၏ သက်ဆိုင်သော ပြဋ္ဌာန်း ချက်များအရ ခွဲဝေရမည်။

၁၇၉။ နည်းဥပဒေ ၃၀၊ ၁၃၆၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၆၅ နှင့် ၁၆၆ တို့အား သင့်လျော်သလို ပြောင်းလဲ ကျင့်သုံးရမည်။

၁၈၀။ နည်းဥပဒေ ၁၇၉ တွင် ဖော်ပြထားသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို စတော့ အိပ်ချိန်းနှင့်ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟု သတ်မှတ်လျှင် ယင်းပြဋ္ဌာန်းချက်များ သည် ကောင်တာဈေးကွက် ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်သည်ဟု မှတ်ယူရမည်။

၁၈၁။ နည်းဥပဒေ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၂၊ ၁၅၄၊ ၁၅၆၊ ၁၅၇၊ ၁၆၀၊ ၁၆၁၊ ၁၆၄ နှင့်၁၆၈ တို့၏ ပြဋ္ဌာန်းချက်များကို သင့်လျော်သလို ပြောင်းလဲအသုံးပြုရမည်။

၁၈၂။ နည်းဥပဒေ ၁၈၁တွင်ဖော်ပြထားသည့် နည်းဥပဒေများပါပြဋ္ဌာန်းချက်များသည် စတော့ အိပ်ချိန်း၊ စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် အုပ်ချုပ်မှုဒါရိုက်တာတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု သတ်မှတ်ဖော်ပြလျှင် ယင်းပြဋ္ဌာန်းချက်များသည် ကောင်တာဈေးကွက်၊ ကောင်တာဈေးကွက်၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် အုပ်ချုပ်မှုဒါရိုက်တာတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖြစ်သည်ဟု သင့်လျော်သလို မှတ်ယူရမည်။

## အခန်း (၉)
## တားမြစ်သည့်ပြုလုပ်မှုများ

၁၈၃။ ဥပဒေပုဒ်မ ၄၉၊ပုဒ်မခွဲ(က)အရတားမြစ်သည့်ပြုလုပ်မှုများတွင် အောက်ပါတို့ပါဝင်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအတွက် ဈေးနှုန်းများကို သြဇာလွှမ်းမိုးရန်ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော သို့မဟုတ် အထင်အမြင်မှားစေသည့် သတင်းအချက်အလက်များကို ပျံ့နှံ့စေခြင်း၊

(ခ ) မမှန်ကန်သောဈေးနှုန်းများကိုဖော်ပြခြင်းသို့မဟုတ်မမှန်ကန်သော ဈေးနှုန်းများကို ဖော်ပြရန် သို့မဟုတ် ဖြန့်ဝေရန် ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော ဈေးနှုန်းများကို ဖော်ပြသည့် စာရွက်စာတမ်းများကို ပြုစုခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊

(ဂ ) ထုတ်ဝေမည့် ငွေချေးသက်သေခံလက်မှတ်များနှင့် ပတ်သက်သည့် အရေးကြီးသော ကိစ္စရပ်များအပေါ်တွင် မမှန်ကန်သော သို့မဟုတ် အထင်အမြင်မှားစေသော ဖော်ပြချက်များပါဝင်သည့် စာရွက်စာတမ်းများကို ပြသရန် သို့မဟုတ် ဖြန့်ဝေရန် ရည်ရွယ်ချက်ဖြင့် ပြုစုခြင်း သို့မဟုတ် ဖြန့်ဝေခြင်း။

၁၈၄။ ဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြသည့် အတွင်းသတင်းအချက်အလက်များ ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များအပေါ်တွင် သြဇာလွှမ်းမိုးမှု ရှိနိုင်သော ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူများ သို့မဟုတ် အများပြည်သူသိရှိစေရန် ဖွင့်ဟအသိပေးခြင်းမရရှိသေးသည့် ငွေချေးသက်သေခံလက်မှတ်များနှင့်ပတ်သက်သော အချက်အလက်များကို ဆိုသည်။

၁၈၅။ အတွင်းသတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ထုတ်ပေးခြင်းတို့တွင် အတွင်းသတင်းအချက်အလက်များကို အများပြည်သူသို့ တရားဝင် ထုတ်ဖော်ပြသခြင်းများမပါဝင်ရ။

၁၈၆။ ဥပဒေပုဒ်မ၄၉၊ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ အချက်များကို အကျိုးသက်ရောက်မှုမရှိစေရ-

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရရှယ်ယာ သို့မဟုတ် ဂရန်းများရရှိရန် အခွင့်အရေးရှိသော ပုဂ္ဂိုလ်တစ်ဦးသည် အဆိုပါအခွင့်အရေးများကို ကျင့်သုံးခြင်းဖြင့် ဂရန်း သို့မဟုတ် ရှယ်ယာများကို ရရှိခြင်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ဥပဒေရေးရာ တာဝန်ခံမှုတစ်ရပ်အရ ရှယ်ယာဝယ်ယူမှု တောင်းဆိုချက်အပေါ် အခြေခံ၍ ရှယ်ယာ သို့မဟုတ် ဂရန်းများ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဂ) ရောင်းဝယ်မှုတွင်ပါဝင်သည့်နှစ်ဦးနှစ်ဖက်မှ ယင်းရောင်းဝယ်မှု ပြီးဆုံးပြီးနောက် နောက်ဆက်တွဲပြုလုပ်မည့် ရောင်းဝယ်မှုသည် ဥပဒေပုဒ်မ ၄၉ ၊ ပုဒ်မခွဲ (ဂ) အား

ဖောက်ဖျက်ကြောင်းသိရှိသည့်ကိစ္စရပ်မှအပ အလားတူအတွင်း သတင်းအချက်အလက်များ လက်ဂယ်ပိုင်ဆိုင်သော ပုဂ္ဂိုလ်များက စတော့အိပ်ချိန်းဈေးကွက် သို့မဟုတ် ကောင်တာဈေးကွက်၏ပြင်ပတွင် ရှယ်ယာများ ဂယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည်အတွင်းသတင်းအချက်အလက်များကိုမသိရှိမီငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူနှင့် ယင်းထုတ်ဝေသော ငွေချေးသက်သေခံလက်မှတ်များကို ဂယ်ယူရန်သို့မဟုတ် ရောင်းချရန် စာဖြင့်ရေးသားသည့် ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့၍ ယင်းပဋိညာဉ်တွင် ဖေါ်ပြထားသည့် ရက်မတိုင်မီ ၁၀ ရက်ကာလအတွင်း သို့မဟုတ် ပဋိညာဉ်တွင် သတ်မှတ်ထားသည့် အ ရောင်းအဝယ်ပြီးမြောက်ရန် သတ်မှတ်သည့် နောက်ဆုံးရက်အထိ အဆိုပါပဋိညာဉ်အရ အရောင်းအဝယ်ကိစ္စဆောင်ရွက်ခြင်း။

(င ) ငွေချေးသက်သေခံလက်မှတ် ထုတ်ဝေသူသည် လုပ်ငန်း ဖျက်သိမ်းခြင်းခံရမည် သို့မဟုတ်အကြွေးကိုပေးဆပ်ရန် ပျက်ကွက်မည်ဆိုသော စိုးရိမ်ပူပန်ခြင်းပေါ်ပေါက်စေနိုင်သည့်အတွင်း သတင်းအချက်အလက်များမှအပ ဂယ်ယူထားသော သို့မဟုတ် ရောင်းချထားသော ငွေချေးသက်သေခံလက်မှတ်များသည် ကော်ပိုရိတ်ငွေချေးစာချုပ်များ သို့မဟုတ် ကော်ပိုရိတ်ငွေချေးစာချုပ်များနှင့်သက်ဆိုင်သော ဂရန်းများဖြစ်ခြင်း။

(စ ) နည်းဥပဒေ ၁၈၇ နှင့်အညီ ဂယ်ယူခြင်း၊ ရောင်းချခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊

(ဆ) ငွေချေးသက်သေခံလက်မှတ်များဂယ်ယူရန်သို့မဟုတ်ရောင်းချရန် ဆုံးဖြတ်ပြီးသော ပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် အဆိုပါပုဂ္ဂိုလ်နှင့် ဆက်စပ်နေသောပုဂ္ဂိုလ်သည် အဆိုပါ ပုဂ္ဂိုလ်က ငွေချေးသက်သေခံလက်မှတ်များဂယ်ယူရန် သို့မဟုတ် ရောင်းချရန် ဆုံးဖြတ်ပြီးသည်ဟုသိရှိရသည့် အတွင်းသတင်းအချက်အလက်များသိ၍ ငွေချေးသက်သေခံလက်မှတ်များ ဂယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

၁၈၇။ ဥပဒေပုဒ်မ ၄၉ ၊ ပုဒ်မခွဲ (ဃ) အရ ပြဋ္ဌာန်းချက်များသည် ကမ်းလှမ်းရောင်းချသည့် ငွေချေးသက်သေခံလက်မှတ်အသစ်များ သို့မဟုတ် ရှိပြီးဖြစ်သော ငွေချေးသက်သေခံလက်မှတ် များကို အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် ဈေးကွက်တည်ငြိမ်မှုရှိရေးအတွက် ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များအရ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာဈေးကွက်၏ ငွေချေးသက်သေခံလက်မှတ် ဈေးကွက်တွင် ဂယ်ယူခြင်း၊ ရောင်းချခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၀)
## အယူခံခြင်း

၁၈၈။ ဥပဒေပုဒ်မ ၅၃ အရ အယူခံဝင်လိုသောပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ အချက်များပါဝင် သည့် အယူခံလွှာကို ကော်မရှင်သို့ တင်ပြရမည်-

(က) အယူခံဝင်သူ၏အမည်၊ လုပ်ငန်းအမည်၊

(ခ) အယူခံဝင်သူသည်အဖွဲ့အစည်းဖြစ်လျှင်အယူခံဝင်သူ၏ဒါရိုက်တာများနှင့်တာဝန်ရှိ ပုဂ္ဂိုလ်များ၏အမည်၊

(ဂ) အယူခံလွှာနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များနှင့်

(ဃ) အယူခံလွှာ၏ ရည်ရွယ်ချက်နှင့် အကြောင်းပြချက်များ။

၁၈၉။ ကော်မရှင်သည် အယူခံလွှာကို လက်ခံရရှိပြီးနောက် ယင်းအယူခံလွှာ မိတ္တူတစ်စောင်ကို စတော့အိပ်ချိန်းသို့ ပေးပို့၍ စာဖြင့်ရေးသားသော ရှင်းလင်းချက်တစ်စောင်ကို သတ်မှတ်သည့် အချိန်အတွင်း တင်ပြရန် တောင်းဆိုနိုင်သည်။

၁၉၀။ ကော်မရှင်သည် ရှင်းလင်းချက်ကို လက်ခံရရှိပြီးနောက် ယင်းရှင်းလင်းချက် မိတ္တူကို အယူခံဝင်သူထံသို့ ပေးပို့၍ ပြန်လည်ချေပချက်တစ်စောင်ကို သတ်မှတ်သည့်အချိန်အတွင်း တင်ပြရန် တောင်းဆိုနိုင်သည်။

၁၉၁။ ကော်မရှင်သည် အယူခံဝင်သူ သို့မဟုတ် စတော့အိပ်ချိန်း သို့မဟုတ် ယင်း၏အခွင့် အာဏာလွှဲ အပ်ထားသူ၏ အသနားခံပန်ကြားချက်အရ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးထံသို့ ယင်း၏ကျွမ်းကျင်မှုနှင့်အတွေ့အကြုံကိုအခြေခံသော ထင်မြင်ယူဆချက်ကိုပေးရန် တောင်းခံနိုင် သည်။

၁၉၂။ ကော်မရှင်သည်အယူခံဝင်သူ သို့မဟုတ် စတော့အိပ်ချိန်း သို့မဟုတ် ယင်း၏အခွင့် အာဏာလွှဲအပ်ထားသူ၏ အသနားခံပန်ကြားချက်အရ သင့််လျော်သောနေရာတွင် အချက် အလက်များကို အတည်ပြုရန် စစ်ဆေးနိုင်သည်။

## အခန်း (၁၁)
## ပြစ်ဒဏ်များ

၁၉၃။ နည်းဥပဒေ ၄၂၊ ၄၄၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၅ သို့မဟုတ် ၆၆ တို့အား ချိုးဖောက်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော မည်သည့်ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီမဆို ကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်ရန် တာဝန်ရှိသည်။

၁၉၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု မဟုတ်သော လိုင်စင် ရရှိသူတစ်ဦးသည် နည်းဥပဒေ ၈၂၊ ၈၃၊ ၈၄၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆ သို့မဟုတ် ၉၇ တို့အား ချိုးဖောက်ပါက သို့မဟုတ်

လိုက်နာရန်ပျက်ကွက်ပါက ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်ရန် တာဝန်ရှိသည်။

၁၉၅။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူက နည်းဥပဒေ ၂၆၊ ၂၇ နှင့် ၂၈ အရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်သော သို့မဟုတ် လိုက်နာရန် ပျက်ကွက်သောကိစ္စရပ်တွင် ယင်းငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သော ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိသူတစ်ဦးသည် အဆိုပါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိသူ၏ ပြစ်မှုကျူးလွန်မှုတွင် ပါဝင်ပတ်သက်ကြောင်း အခွင့်အာဏာရှိသူ များက သက်သေပြနိုင်လျှင် ကော်မရှင်က ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်ရန် တာဝန်ရှိသည်။

၁၉၆။ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (ခ) သို့မဟုတ် နည်းဥပဒေ ၁၆၇ သို့မဟုတ် ၁၇၅ တို့အား ချိုးဖောက်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော သို့မဟုတ် နည်းဥပဒေ ၁၆၆ နှင့် နည်းဥပဒေ ၁၆၅၊ နည်းဥပဒေခွဲ(က) အရ ကော်မရှင်မှထုတ်ပြန်သော အမိန့််ကို ချိုးဖောက်သော သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော ကောင်တာဈေးကွက်သည် အဆိုပါငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ၏ ပြစ်မှုကျူးလွန်မှုတွင် ပါဝင်ပတ်သက်ကြောင်း အခွင့်အာဏာရှိသူများက သက်သေပြနိုင်ပါက ကော်မရှင်က ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်ရန်တာဝန်ရှိသည်။

၁၉၇။ နည်းဥပဒေ ၁၆၆ နှင့် နည်းဥပဒေ ၁၆၅၊ နည်းဥပဒေခွဲ (ခ)အရ ကော်မရှင်မှ ထုတ်ပြန်သောအမိန့်ကို ချိုးဖောက်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော မည်သည့်ပုဂ္ဂိုလ်မဆို ကော်မရှင်က ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ တွင် သတ်မှတ်သော ဒဏ်ကြေးကို ပေးဆောင်ရန် တာဝန်ရှိသည်။

## အခန်း (၁၂)
## အထွေထွေ

၁၉၈။ ဤနည်းဥပဒေများ၏ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးဌာန သို့မဟုတ် ကော်မရှင်သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ပုံ)

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

**မှတ်ချက်**။ ယခုနည်းဥပဒေများကို ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်နိုင်ပါသည်။